မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Mani Shankar Aiyar နှင့်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ပြန်လည်စတင်ကျင်းပမည် ညီလာခံကိုယ်စားလှယ်များ ညောင်နှစ်ပင်စခန်းသို့ ဖေဖော်ဝါရီ ၁၅ ရက်ထက် နောက်မကျဘဲလာရောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ ***ကျောဖုံးသို့***

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို အားကစားဖြင့်မြှင့်တင် မြန်မာတို့၏ မြားပစ်အစွမ်း ကမ္ဘာက သိအောင် ပြသ

မြန်မာနိုင်ငံတွင် မြားပစ်အတတ်ပညာသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ထင်ရှားခဲ့သော ပညာရပ်ဖြစ်သည်။ မြားသည် ရှေးရိုးအကျဆုံးသော လက်နက်ဖြစ်သည်။ မြားအတတ်သည် ရှေးအခါက အတတ်ပညာရပ်တစ်ခုအဖြစ် ထိပ်တန်းမှထား၍ သင်ကြားဆည်းပူးရသည့် ပညာလည်း ဖြစ်သည်။

လောကနီတိ၊ ပေါရာဏဒီပနီစသည့် ကျမ်းများ၌ ဖော်ပြထားသော အဋ္ဌာရသ ၁၈ ရပ် ပညာစာရင်းတို့တွင် ပညာဂဏန်းစဉ် အမှတ်(၉)၊ ဓနုဗေဒါဆိုသည့် လေးအတတ်အဖြစ်ဖော်ပြထားသည်။ ရှေးက မင်းညီမင်းသားများ အမြတ်ထားကြသော အတတ်ပညာလည်းဖြစ်သည်။ လေးတင်ပွဲ၊ မြားပစ်ပြိုင်ပွဲသည် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည့် ပွဲတော်များပင် ဖြစ်သည်။

ရှေးက မြားပစ်ပြိုင်ပွဲတွင် မြားပစ်သူသည် ပရိသတ်လေးပါး၏ အလယ်တွင် တင့်တယ်စွာရပ်ပြီး မြားရေးကြီးလေးပါး၊ မြားရေးငယ် ၁၂ ပါး၊ မြားအားစွမ်း ခုနစ်ပါးတို့ကို ပြသရသည်။ မြန်မာရာဇဝင်တွင် မြားအတတ်ကို အကြီးကျယ်ဆုံးပြသနိုင်သည်ဟု မော်ကွန်းထိုးရသူ နှစ်ဦးရှိသည်။ ၎င်းတို့မှာ ပုဂံခေတ် ပျူစောထီးနှင့် ပုဂံခေတ် မုဆိုးငစဉ့် ဖြစ်သည်။

မြန်မာ့လေးမြားအစွမ်းသတ္တိဖြင့်ပင် မြန်မာ့တပ်မတော်မှ သူရဲကောင်းစစ်သည်တို့ ဘွဲ့အမည်ဂုဏ်ထူးများ ရေးထိုးနိုင်ခဲ့ကြသည်။ မြန်မာ့တပ်မတော်တွင် ဓားတပ်၊ လှံတပ်၊ မြားတပ်ဟူ၍ရှိခဲ့ရာ ပင်းယခေတ်တွင် မြန်မာ့တပ်မတော်၏မြားစွမ်းကြောင့် ရန်သူ့တပ်များ မရှုမလှကျဆုံးရပုံကို ရာဇဝင်တွင် မှတ်တမ်းရှိခဲ့ဖူးသည်။ နောက်ပိုင်းကာလတွင် မြန်မာ့မြားပစ်ပညာမှာ တိမ်ကောပပျောက်လာခဲ့ပြီးနောက် မကြာမီကာလမှစ၍ မြန်မာမြားပစ်အားကစားသမားများ အပြည်ပြည်ဆိုင်ရာ မြားပစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့ကြသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့်သက်တမ်းသည် မကြာသေးသော်လည်း မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒေသဆိုင်ရာ မြားပစ်ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့မြားပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာတို့၏ မြားပစ်စွမ်းပကားကို ကမ္ဘာသို့ ပြသနိုင်ခဲ့သည်။

ယခုအခါ ဒေသဆိုင်ရာ မြားပစ်ပြိုင်ပွဲများ၊ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနိုင်သည်အထိ မြန်မာနိုင်ငံ၏ မြားပစ်အားကစားနည်းများကို အရှိန်အဟုန်ပြင်းစွာ ပြန်လည်ဖော်ထုတ် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ မြားပစ်အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုစေမည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရခဲ့သဖြင့် ပြိုင်ပွဲမှ တစ်ဆင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံလျက် အရှေ့တောင်အာရှဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု၊ အချင်းချင်း အပြန်အလှန် နားလည်မှုများ ပိုမိုရရှိစေမည်ဖြစ်သည်။

မြန်မာမြားပစ်အားကစားသမားများသည် ၂၀၀၀ပြည့်နှစ်ကကျင်းပသည့် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီး အခြားနိုင်ငံတကာ ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်ဆုများ ရရှိခဲ့သည်။ ၂၀၀၄ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးကာ ကမ္ဘာ့အဆင့် နံပါတ်(၅)တွင် ရှိသော အိန္ဒိယကို ကျော်ဖြတ်ယှဉ်ပြိုင်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာမြားပစ်အားကစားသမားများသည် ရရှိခဲ့ပြီးဖြစ်သည့် အောင်မြင်မှုမှတ်တိုင်များကို ဆက်လက်မြှင့်တင်ကာ မြန်မာတို့၏မြားပစ်အစွမ်းအား ကမ္ဘာကသိအောင် ဖော်ထုတ်ပြသကြပြီး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

ရွှေရိပ်မွန်ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ လှူဒါန်းပွဲ

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်စာရေး(အရှေ့)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ရွှေရိပ်မွန်ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ ပေးအပ်လှူဒါန်းပွဲ၊ တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ၉ရက်က အဆိုပါကျောင်း၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းနှင့် စစ်ကိုင်းမြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ပညာရေး မိသားစုများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်၍ စာရေး(အရှေ့)ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ရွှေရိပ်မွန်ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်း ကျောက်စာနှင့် ပညာရေးမျှော်မှန်းချက် ကျောက်စာတို့ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးဦးသန်းအောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ရွှေရိပ်မွန် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးမောင်ကိုက လွှဲပြောင်းပေးအပ်ရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်က လက်ခံသည်။ ရွှေရိပ်မွန် နှစ်ထပ်ကျောင်းဆောင်မှာ စာသင်ခန်းရှစ်ခန်းနှင့်ရုံးခန်းတစ်ခန်းပါရှိပြီး အဆောက်အအုံအတွက် ငွေကျပ်သိန်း၃၂၀နှင့် ပရိဘောဂနှင့်စာသင်ခုံများအတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၃၅၀ ဖြစ်ကြောင်း သိရှိရသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဦးသန်းအောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မျိုးဆက်သစ်ပညာရေး ငွေပဒေသာပင်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်၏ စုပေါင်းလှူဒါန်းငွေကျပ် ၉၉ သိန်း၂သောင်းကို ပေးအပ်လှူဒါန်းရာ ရန်ပုံငွေကော်မတီ ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် ကော်မတီဝင်များကလက်ခံကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးစိန်မြင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးဦးသန်းအောင်သည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိ၍ ပင်မဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြတ်မြတ်၊ ဌာနမှူး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

ဆရာတော်ကြီးများဖူးမြော်

ဆက်လက်၍ ဝန်ကြီးဦးသန်းအောင်သည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သင်္ဂဇာကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်သို့ရောက်ရှိ၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြစ်သော ရုပ်မြင်သံကြားစက်နှင့် ဗွီဒီယိုပြစက်တို့ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၂-၁-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Trees and Erosion (အထူးပြုအားလုံး)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း-၃၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၁၁)

ဇန်နဝါရီ ၂ ရက်က ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဉာဏ်လင်းမြင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်ဌွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

● **ရှေ့ဖုံးမှ**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Mani Shankar Aiyarနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း တက်ရောက်သည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ နောက်ဆုံးနေ့အဖြစ်ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်း ပြသရေးဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ်ပြသသည်။

ပြပွဲတွင် ဗဟိုပြကွက်၊ မြန်မာ့သမိုင်းခေတ်အဆက်ဆက်ပိုင်းခြားမှုပြခန်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်းနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု မှတ်တမ်းဓာတ်ပုံပြခန်း၊ဝန်ကြီးဌာနများမှ ပြခန်းများ စသည်တို့ကို စနစ်တကျခင်းကျင်းပြသထားပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိရာ ယနေ့ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ကြသည့်အနက် ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းက ပထမဆုရရှိသွားသည်။

ကြည့်ရှုလေ့လာ

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များကလည်း စာအုပ်မျိုးစုံနှင့် ဂျာနယ်၊ မဂ္ဂဇင်းများကို ဈေးနှုန်း ချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၃၉၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားမည့်အခြေအနေ၊ သတင်းထုတ်ပြန်ရေးနှင့် နေ့စဉ်သတင်းလွှာထုတ်ဝေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌစာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံပြန်လည်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

■ **ကျောဖုံးမှ**

ကြိုတင်စီမံဆောင်ရွက်

စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း ကိုယ်စားလှယ်များ နေထိုင်၊ သွားလာ၊ စားသောက်ရေး၊ ရေ၊ မီးများ ပြည့်စုံမှုရှိရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းမြေ့ ပျော်ရွှင်မှုအတွက် အားကစားနှင့် ဖျော်ဖြေရေး၊ စခန်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေး စသည်တို့ကို အားလုံးပြည့်စုံအောင် ကြိုတင်စီမံဆောင်ရွက်စေလိုကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ခုနှစ် မေ၁၇ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပပြီးစီးခဲ့သည့်အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်များတက်ရောက်မှုအခြေအနေ၊ ယခု၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်တွင် ပြန်လည် ကျင်းပမည့် အမျိုးသားညီလာခံအတွက် ညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားမည့် အခြေအနေ၊ ဖျော်ဖြေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သတင်းထုတ်ပြန်ရေးနှင့်နေ့စဉ်သတင်းလွှာ ထုတ်ဝေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်တို့က ၎င်းတို့၏ကော်မတီများအလိုက်အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိ ပြီးစီးမှုများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဖြည့်စွက် အကြံပြုဆွေးနွေးခြင်းများကို လည်းကောင်း ပြုလုပ်ကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယခင်ကျင်းပပြီးစီးခဲ့သည့်အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး လိုအပ်ချက်၊ ချို့ယွင်းအားနည်းချက်မရှိအောင် ပြည့်စုံအောင် ပြုပြင်ဆောင်ရွက်ကြစေလိုကြောင်း၊ ငွေကြေးသုံးစွဲမှုတွင်လည်း ခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျန်းမာရေးအသိပေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်က ဆောင်ရွက်သည့် အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မီဒီယာမှပုဂ္ဂိုလ်များအား အသိပေးဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂၉ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး) ဒေါက်တာရဲမြင့်က အမှာစကားပြောကြားပြီး အနာကြီးရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာကျော်မြင့်က လက်ရှိမြန်မာနိုင်ငံ၏ အနာကြီးရောဂါတိုက်ဖျက်ရေးအခြေအနေနှင့် အနာကြီးရောဂါဝေဒနာရှင်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။**(သတင်းစဉ်)**

ကွယ်လွန်သူဖခင်ကြီး ဦးသိန်းညွန့်၊ မိခင်ကြီး ဒေါ်ထွေးအားရည်စူး၍ ဒေါ်ခင်သိမ်း (ထားဝယ်)အဆင့်မြင့် မင်္ဂလာဈေးက သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီးတည်ဆောက်ရန်အတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း) သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗိုလ်မြွတ်ထွန်းတံတား ရေစားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့ ပန်းလှိုင်မြစ် အကောက်စခန်းရုံးသို့ရောက်ရှိကြရာ တာဝန်ရှိသူများက မြစ်အတွင်း ရေယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေ၊ လအလိုက် အကောက်ခွန်ရရှိမှု အခြေအနေများကို ပုံစံဇယားများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က ဗိုလ်မြွတ်ထွန်းတံတား ရေလမ်းကြောင်း အခြေအနေနှင့် ရေစွယ်ထိုးမှု အခြေအနေတို့ကို ပုံစံငယ် မြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်တို့ လိုက်ပါလျက် ညောင်တုန်းမြို့မှ ရေယာဉ်ဖြင့် ထွက်ခွာကြပြီး မြစ်ရေလမ်းကြောင်း ရေယာဉ်များခုတ်မောင်းသွားလာမှု၊ ဗိုလ်မြွတ်ထွန်းတံတားဝန်းကျင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောင်တူးစက်များဖြင့် ရေကြောင်းရှင်းလင်းမှု၊ ရေကြောင်းပြအမှတ်အသားများထားရှိမှုနှင့်ဗိုလ်မြွတ်ထွန်းတံတားရေယာဉ်ဖြတ်သန်းသွားလာမှု အဝင်အထွက် အမှတ်အသားများ တပ်ဆင်ထားရှိမှုများကို တာဝန်ရှိသူများက ရေယာဉ်ပေါ်မှ ပြသရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီးအား ကြိမ်ပင်ဆည်ဘက်ကမ်းရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဗိုလ်မြွတ်ထွန်းတံတား ရေစားကမ်းပြိုမှု ကာကွယ်ရေးစီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများကလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဗိုလ်မြွတ်ထွန်းတံတား ရေစားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော ပဉ္စမတန်း ကျောင်းသူ မလေးလေးခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပါလက်စတိုင်းသမ္မတအဖြစ် မာမွတ်အဘတ်စ် အရွေးခံရ

ရာမာလာ(အနောက်ဘက်ကမ်း) ဇန်နဝါရီ ၁၀

ဖာတာလှုပ်ရှားမှုအဖွဲ့မှ သမ္မတလောင်းဖြစ်သူ မာမွတ်အဘတ်စ်သည် ဆန္ဒမဲ ၆၀ ရာခိုင်နှုန်းကျော်ရရှိကာ ပါလက်စတိုင်းသမ္မတအဖြစ် အရွေးခံရကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ထိုသို့ ပါလက်စတိုင်းသမ္မတအဖြစ် မာမွတ်အဘတ်စ် အရွေးခံရသည့်အတွက် နှစ်ပေါင်းများစွာကြာမျှ သွေးထွက်သံယိုဖြစ်မှုများ အဆုံးသတ်စေရန် ခိုင်မာစေသည့်အပြင် အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် ခိုင်မာလာစေခဲ့သည်။ အနောက်ဘက်ကမ်းတွင် တနင်္ဂနွေနေ့ကကျင်းပခဲ့သော ဆန္ဒမဲပေးပွဲတွင် အဘတ်စ်သည် ဆန္ဒမဲ ၂ဒသမ ၃ရာခိုင်နှုန်းရရှိခဲ့ကြောင်း ဗဟို ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။ ယာဆာအာရာဖတ်၏ နေရာကို ဆက်ခံမည့်သူတစ်ဦးအား ဂါဇာကမ်းမြောင်ဒေသနှင့် အရှေ့ဂျေရုဆလင်က ရွေးချယ်ရန် ထိုသို့ ဆန္ဒမဲပေးပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဆမ်းဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီမှ ထုတ်လုပ်ထားသော ရုပ်/သံလိုင်းများပါရှိသည့် ဒီအမ်ဘီ လက်ကိုင်ဖုန်းများအား ဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ၏ အဝေးပြေးလမ်းစီမံကိန်းများတွင် မလေးရှားနိုင်ငံက ဒေါ်လာ ၁ဒသမ ၈ဘီလီယံ ရင်းနှီးမြှုပ်နှံ

နယူးဒေလီ ဇန်နဝါရီ ၁၀

မလေးရှားနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံတွင် အခြေခံတည်ဆောက်ရေးလုပ်ငန်းများဖြစ်သော ရေအရင်းအမြစ်နှင့် လျှပ်စစ်စွမ်းအားကဲ့သို့သော နယ်ပယ်အားလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ယခုအခါ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မလေးရှားနိုင်ငံက အိန္ဒိယနိုင်ငံရှိ အဝေးပြေးလမ်း စီမံကိန်းများတွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၈ဘီလီယံ ပမာဏရှိသော ရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အရှေ့တောင်အာရှ နိုင်ငံများမှ ထိပ်တန်းဝန်ကြီးတစ်ဦး၏ စနေနေ့က ပြောကြားချက်ကို အင်ဒို-အာဆီယံနယူးစ်ဆားဗစ်က ဖော်ပြသည်။

ဆောင်ရွက်

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ မွန်ဘိုင်းမြို့တွင် ပြုလုပ်သော အခမ်းအနားတစ်ခုတွင် မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီး ဆမီဗီလ်လူက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ပြီး ၎င်းကအိန္ဒိယနိုင်ငံ၏ လမ်းစီမံကိန်းများတွင် မလေးရှားနိုင်ငံက လမ်းမြေရေယာ အခြေအနေများနှင့် ပြုလုပ်ဖွယ်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံအနေဖြင့် လမ်းများနှင့် အဝေးပြေးလမ်းစီမံကိန်းများတွင်သာမဟုတ်ဘဲ လေဆိပ်များ၊ ဆိပ်ကမ်းများ၊ ရေအရင်းအမြစ်များနှင့် လျှပ်စစ်စွမ်းအင်အထောက်အပံ့ပေးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးများတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အရေးပါသော မိတ်ဆွေနိုင်ငံအဖြစ်လည်း မျှော်လင့်ထားကြောင်း အဆိုပါ မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီးက ပြောကြားသည်။ မလေးရှားနိုင်ငံအလုပ်သမားဝန်ကြီး ဗီလ်လူသည် အဖွဲ့ဝင် ၁၆ဦး ပါဝင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိနေခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာရှ၏အကြီးဆုံးဘတ်စ်ကားဂိတ် ရှန်ဟိုင်း၌ဖွင့်လှစ်မည်

ရှန်ဟိုင်း ဇန်နဝါရီ ၁၀

အာရှ၏ အကြီးဆုံးဖြစ်သော အဝေးပြေးဘတ်စ်ကားဂိတ်တစ်ခုကို ရှန်ဟိုင်းမြို့တွင် ဇန်နဝါရီ၂၅ရက်၌ ဖွင့်လှစ်မည် ဖြစ်ကြောင်း အဝေးပြေးဂိတ်မှူးက ပြောကြားသည်။

ရှန်ဟိုင်းရှိ မီးရထားဘူတာရုံသစ်အနီးတွင် တည်ရှိသော အဆိုပါ ဘတ်စ်ကားဂိတ်ကို ထိပ်တန်းဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားပြီး အထင်ကရ အဆောက်အအုံတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ဂိတ်မှူးဖြစ်သော ရှန်ဟိုင်းကျီဆင် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ၏အထွေထွေမန်နေဂျာမစ္စတာ ကျောက်ဝေက ပြောကြားသည်။

ယွမ်သန်း၇၅၀(အမေရိကန်ဒေါ်လာ ၉၀ဒသမ ၆သန်း)ကုန်ကျသည့် ယင်းဘတ်စ်ကားဂိတ်သစ်တွင် စတုရန်းမီတာ ၃၆၀၀၀ ဧရိယာရှိ ကားရပ်နားသည့်နေရာအထပ်သုံးထပ်နှင့် ခရီးသည် ၃၀၀၀ထိုင်နိုင်သည့် စတုရန်းမီတာ ၅၀၀၀ရှိ ဧည့်ခန်းမကြီးတစ်ခုလည်းရှိကြောင်း ကျောက်က ပြောကြားသည်။

၎င်းပြင် အဆိုပါကားဂိတ်တွင် လက်မှတ်ရောင်းချမှု၊ ထောက်ပံ့ပို့ဆောင်မှုနှင့် ဘတ်စ်ကားစီစဉ်မှုများအတွက် ကွန်ရက်လုပ်ငန်းများကိုလည်း တပ်ဆင်ထားပြီး နေ့စဉ် ခရီးသည် ၂၀၀၀၀ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း မစ္စတာကျောက်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

နိုင်ငံခြားကုန်သွယ်မှု ဟူနန်ပြည်နယ်တိုးမြှင့်ရရှိ

ချန်ရှာ ဇန်နဝါရီ ၁၀

တရုတ်ပြည်အလယ်ပိုင်းရှိ ဟူနန်ပြည်နယ်သည် ၂၀၀၄ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၅ဒသမ ၂ဘီလီယံရရှိခဲ့ပြီး ၂၀၀၃ ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကြောင်း ချန်ရှာမြို့တော် အကောက်ခွန်ရုံး၏ သတင်းများကဖော်ပြသည်။

ဟူနန်ပြည်နယ်၏နိုင်ငံခြားကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်လွန်မှုမှာပထမဆုံးအကြိမ်ဖြစ်သည်။

ဟူနန်၏တင်ပို့မှုသည်လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၂ဒသမ၉ ဘီလီယံရှိပြီး ပြည်နယ်အတွက်အမေရိကန်ဒေါ်လာသန်း ၇၀၀ အလေးသာခဲ့သည်။ လျင်မြန်စွာကြီးထွားလာသည့်စီးပွားရေးလုပ်ငန်းစဉ်သည် ပြည်နယ်၏နိုင်ငံခြားကုန်သွယ်ရေးအတွက် အဓိကအထောက်အပံ့တစ်ခုဖြစ်ခဲ့သည်။ ဥရောပသမဂ္ဂသည် ပြည်နယ်၏အကြီးဆုံးကုန်သွယ်ဘက်ဖြစ်ပြီး လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာသန်း ၈၅၀ ဖိုးကုန်သွယ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထူးခြားရုပ်ရှင် အမှတ်တရ တရုတ်၌ တံဆိပ်ခေါင်း ထုတ်ဝေ

ချန်ချွမ် ဇန်နဝါရီ ၁၀

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်၌ ရာစုနှစ်တစ်ခုလုံးတွင် ထူးခြားရုပ်ရှင်အမှတ်တရအဖြစ် အထူးတံဆိပ်ခေါင်းများ တနင်္ဂနွေနေ့က ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံဆိပ်ခေါင်းများကို တရုတ်အမျိုးသားတံဆိပ်ခေါင်း စုဆောင်း လေ့လာရေးကော်ပိုရေးရှင်း (စီအင်န်ပီစီ)က ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၀ရက်တွင် ကျရောက်သည့် တရုတ်ချန်ချွမ် ရုပ်ရှင်ပွဲတော်အခမ်းအနား တစ်ရပ်လည်း ဖြစ်ကြောင်းသိရသည်။

မြှင့်တင်ပေးမည်

စုစုပေါင်း တံဆိပ်ခေါင်းအရေအတွက်မှာ ၁၀၀၀၀ရှိပြီး ယင်းတံဆိပ် ခေါင်းများသည် တရုတ်ရုပ်ရှင်လုပ်ငန်း၏ သမိုင်းကြောင်းကို ထင်ဟပ်စေလိမ့်မည်ဖြစ်ကြောင်း၊ တရုတ်ရုပ်ရှင်နှင့် တံဆိပ်ခေါင်းဈေးကွက်များတိုးတက်မှုရရှိစေရန် မြှင့်တင်ပေးလိမ့်မည်ဟူ၍လည်း မျှော်လင့်ကြောင်း စီအင်န်ပီစီ ဒုတိယအထွေထွေမန်နေဂျာ လော်ကွိုင်လင်းက ပြောကြားသည်။ ၁၉၀၅ခုနှစ်က ပေကျင်းဓာတ်ပုံပြတိုက်၌ ပြသထားသော ပီကင်းအော်ပရာ ပြဇာတ်သည် တရုတ်ရုပ်ရှင်ကို စတင်မွေးဖွားပေးလိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ် ကျင်ဟွမ်ဒိုမြို့တွင် စုပေါင်းမင်္ဂလာလက်ထပ်ပွဲကြီးတစ်ခုပြုလုပ်ပြီးနောက် မင်္ဂလာမောင်နှံများ ဓာတ်ပုံရိုက်နေကြသည်ကို ဇန်နဝါရီ ၁၀ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

လကြတ်မှုတစ်ကြိမ်နှင့် နေကြတ်မှုနှစ်ကြိမ် ယခုနှစ်ကုန်ပိုင်း၌ ထိုင်းလူမျိုးတို့မြင်တွေ့ရမည်

ဗန်ကောက် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံသည် ယခုနှစ်ကုန်ပိုင်း၌ နေနှစ်ကြိမ်ကြတ်မှုအပြင် လတစ်ကြိမ်ကြတ်မှုကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း ထိုင်းနက္ခတ်ဗေဒပညာရှင်များအသင်းက ပြောကြားသည်။

ပထမအကြိမ် နေကြတ်ခြင်းသည် ဧပြီလ ၉ရက်၌ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရရှိပြီး တစ်မွာလုံးမှ မြင်တွေ့ကြရမည်ဟုဆိုသည်။

မြင်တွေ့ရမည်

ထိုသို့ဆိုသော်လည်း ထိုင်းလူမျိုးများအဖို့ တစ်စိတ်တစ်ပိုင်း မြင်တွေ့ကြရမည်ဖြစ်သည်ဟု ထိုင်းနက္ခတ်ဗေဒပညာရှင်များအသင်း အမှုဆောင်အရာရှိချုပ်ဝိုရာချက်ဘွန်းပလော့ဒ်က တီအင်န်အေသို့ ပြောကြားသည်။

ထိုင်းနက္ခတ်ဗေဒပညာရှင်များအသင်းက နောက်ထပ်နေကြတ်ခြင်းသည် အောက်တိုဘာ ၃ရက်၌ ထပ်မံဖြစ်ပေါ်စရာရှိကြောင်း ကြိုတင်ခန့်မှန်းတွက်ချက်ထားသည်။ ထို့အပြင် ထိုင်းလူမျိုးများသည် အောက်တိုဘာ ၁၇ရက်၌ လကြတ်ခြင်းကိုလည်း ကြုံတွေ့ကြရမည်ဟု ၎င်းကဆိုသည်။

အဆိုပါ ထိုင်းနက္ခတ်ပညာရှင်များအသင်းသည် သိပ္ပံအသိပညာဗဟုသုတ ပိုမိုကြွယ်ဝစေရန် အထူးသဖြင့် နက္ခတ်ဗေဒပညာ၌ အသိပညာ ဗဟုသုတ ပိုမိုကြွယ်ဝစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

ဗဟိုသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ဗဟိုသမဝါယမအသင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

ထို့နောက် သဘာပတိ ဦးဝင်းစိန်က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ဘဏ္ဍာရေးနှစ်ချုပ် စာရင်းများ၊ စာရင်းစစ်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက တင်ပြကြသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး၏နေရာတွင် ကယားပြည်နယ်မှ ဦးလှဖေနှင့် ပဲခူးတိုင်းမှ ဒေါ်ခင်မာလာတို့အားရွေးချယ်ပြီး ရွေးချယ်ခံဒါရိုက်တာအဖွဲ့ဝင်များ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရှေ့နေချုပ်နှင့်ပြည်နယ်၊တိုင်း၊ခရိုင် ဥပဒေအရာရှိများ၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(ပထမနေ့)ကို ယနေ့နံနက်၉နာရီက ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ရှေ့နေချုပ်ဦးအေးမောင်တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ရှေ့နေချုပ် ဦးအေးမောင်၊ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်နှင့် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရှေ့နေချုပ်ရုံး၊ ရုံးအဖွဲ့မှူးနှင့် ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ထူးက ဆောင်ရွက်သည်။

ဖော်ထုတ်တင်ပြ

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများကို ခြုံငုံမိအောင်၊ ပြည်သူများ နားလည်အောင် ရေးသားရမှာဖြစ်ပြီး အမှားအယွင်းကင်းရှင်းအောင် သတိထား၍ ရေးဆွဲရန်လိုအပ်ကြောင်း၊ ယင်းတာဝန်ကို နောက်မျိုးဆက်သစ်များ အဆင့်ဆင့်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ယခုကတည်းက လေ့ကျင့်ပြုစုပျိုးထောင်ကြဖို့လိုအပ်ကြောင်း၊ ဥပဒေအကြံဉာဏ်ပေးရေးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစာချုပ်၊ ဒေသဆိုင်ရာစာချုပ်၊ နှစ်နိုင်ငံစာချုပ်များတွင်မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးရန် သင့်မသင့် ဥပဒေအကြံဉာဏ်ပေးရသည့်အတွက် ဥပဒေဆိုင်ရာ အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်ဖို့လိုအပ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ဥပဒေအတွေ့အကြုံရှိမှသာ လုပ်ငန်းကိုအောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရားရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင် ထိန်းသိမ်းသည့်နေရာတွင် ဥပဒေအရာရှိများသည် အမှန်တရားကို ဖော်ထုတ်တင်ပြကြရန် လိုကြောင်း။

ခြိုးခြံသုံးစွဲ

ဥပဒေအရာရှိများအနေဖြင့် အဆင့်မြင့်တာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝနေဖို့လိုအပ်ကြောင်း၊မိမိတို့၏လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေကို ခြိုးခြံသုံးစွဲဖို့ လိုအပ်ကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် ခေါင်းဆောင်ကောင်းတို့တွင် ရှိသင့်သည့် အရည်အချင်းများကို ၂၀၀၄ ခုနှစ် ဧပြီ ၉ ရက်၌ ကျင်းပခဲ့သော တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **'သာမန်အနေအထားထက် မြင့်မားစွာအားထုတ်နိုင်မှသာ သာမန်လူများကို ခေါင်းဆောင်နိုင်မှာဖြစ်ကြောင်း၊ အရည်အချင်းမြင့်မားသူတွေထက် ထူးကဲသောဂုဏ်သတ္တိရှိမှသာ စံပြလောက်သည့် ခေါင်းဆောင်ကောင်းဖြစ်လာမှာဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်မှာ စစ်မှန်တဲ့အရည်အချင်းမရှိလျှင် ခိုင်မြဲတဲ့နောက်လိုက်အား မရှိနိုင်ကြောင်း'** မိန့်ကြားချက်ကို မိမိတို့ဘဝအား အလင်းရောင်ပေးသည့် မီးရှူးတန်ဆောင်သဖွယ် ခံယူကျင့်သုံးကြဖို့ လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ရှေ့နေချုပ်ရုံးခွဲ (မန္တလေး)နှင့် ပြည်နယ်၊တိုင်း ဥပဒေအရာရှိများက အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။ ဒုတိယရှေ့နေချုပ်များနှင့် ပြည်နယ်၊တိုင်း၊ ခရိုင် ဥပဒေအရာရှိများ၏ အကြို လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက်က ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

မိုးကုတ် ဝိပဿနာ အဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၁-၅၇၁၂၅၈သို့ ဖြစ်စေ ဇန်နဝါရီ၁၇ ရက် အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရာသက်ပန်ပြည်ထောင်စု

* ရေး၊ ဂီတစာဆို ဟသ်ာတမြင့်ငွေ

* ဆို၊ ပြည်ခိုင်ဖြိုးအသင်းသူ အသင်းသားမောင်မယ်များ

* တို့မြန်မာနိုင်ငံတော်ကို တို့ချစ်သည်
တို့ပြည်ထောင်စုကြီးကို တို့ချစ်သည်
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်...
အမိမြေကို စောင့်ရှောက်ကာကွယ်မည်...
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တို့အသက်သွေး
မျိုးဆက်သစ်တို့လူငယ်ထု အားအင်ပြု
စုပေါင်းထားတဲ့ အင်အားတစ်ရပ်မို့...ကျစ်လျစ်ခိုင်မာသည်
ဘယ်သူခွဲခွဲတို့မကွဲ တို့တွဲသောလက်တွေကား
ရာသက်ပန်ပြည်ထောင်စုရဲ့ ကြံ့ခိုင်သောအားဖြစ်ပါသည်...

* အမျိုးချစ်တဲ့ လူငယ်တွေသည် နိုင်ငံ့သားကောင်းများပီပီ
စည်းကမ်းလည်းကောင်းရမည်၊ စိတ်ဓာတ်ဖြူစင်မြင့်မားရမည်...
စည်းကမ်းလည်း ကောင်းရမည်၊
မိဘပြည်သူများကို ကူညီစောင့်ရှောက်မည်...

* ပြည်ထောင်စုကြီး မပြိုကွဲရေးကို ထိန်းသိမ်း
အမျိုးသားရေးတာဝန်သည်
တစ်မျိုးသားလုံးတာဝန်ဖြစ်သည်...
ပြည်ထောင်အတွင်း ညီနောင်ချင်း ရင်းနှီးချစ်ကြည်
နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့်
အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်သစ်ဆီ...
ခရီးဆုံးအထိ စည်းလုံးသည့် အားနဲ့ချီတက်မည်
ရာသက်ပန်ပြည်ထောင်စုရဲ့ ကြံ့ခိုင်သောအားဖြစ်ပါသည်...။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၁-၂၀၀၅
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ယူးချောင်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go.

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ အတီးပြိုင်ပွဲ
၁၇:၄၀ ၈။ ဂီတမဟာပျော်စရာ
၁၇:၅၀ ၉။ **"သတင်းကောင်း"** (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
၁၈:၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၅ ၁၁။ Discovery
၁၈:၂၀ ၁၂။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ မြန်မာစာ မြန်မာစကား
၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၀ ၁၇။ လေကြောင်းကဏ္ဍတိုးမြှင့်ဖွင့်လှစ်ကာတာလေကြောင်းခရီးစဉ်သစ်
၁၉:၄၅ ၁၈။ **အချုပ်အခြာအာဏာ ဓွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု "စက်မှုခေတ်မှသည် ရွှေနိုင်ငံသစ်ဆီ"**
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ စန္ဒရားလှထွတ်အမှတ်တရတေးများ
၂၃။ မမှောင်သောအလင်း(အပိုင်း-၅) **"ဘဝကြမ္မာဦးတည်ရာ"** (ဖိုးသောကြာ၊ဖိုက်၊မင်းဟိဏ်း၊ မင်းသူ၊ရတနာခင်၊မျိုးစန္ဒီကျော်၊ နွဲ့နွဲ့မူ၊ သူသူဟံသာ၊ ခင်သန်းနွယ်) (ဒါရိုက်တာ- သက်တင်)

သာယာဝတီမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

၁၉၆၂ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့သော သာယာဝတီမြို့နယ်အသင်း၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်အတူ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများသည် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း ပဒုမ္မာကွင်းရှေ့ရှိ ကျွန်းတောကျောင်းတိုက် ဓမ္မာရုံကြီးသို့တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ခံနိုင်ရန်အတွက် အသက်(၇၅)နှစ်ပြည့်ပြီးသူအသင်းဝင်များ၊ ပညာရည်ချွန်ဆု လက်ခံနိုင်ရန်အတွက် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများ၊ ပါဝင်လှူဒါန်းလိုသူအလှူရှင်များသည် ဥက္ကဋ္ဌဦးတင်လှဖုန်း-၅၃၇၀၀၁၊ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း ၀၉ ၈၀-၂၀၆၈၀၊ အတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း-၆၅၂၉၀၅/၆ နှင့် တွဲဖက်အတွင်းရေးမှူး ကိုသက်မော်ဦး ဖုန်း-၂၉၂၈၂၈ တို့သို့ ဇန်နဝါရီ ၂၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြကြောင်း သိရသည် **(က-ပ)**

ဩဝါဒခံယူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်ပဓာနနာယကနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်မဟာဗောဓိဆရာတော်အား တပည့်အပေါင်းတို့က အာစရိယဝန္ဒနာပူဇာမင်္ဂလာနှင့် ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ စာပေပညာသင်ယူ ဆည်းပူးခဲ့သော တပည့်များ မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၃၄၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဇန်နဝါရီ၈ရက်က မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် အမှတ်(၂) အခြေခံ ပညာမူလတန်းကျောင်းတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ပထမတန်းမှ ထူးချွန်ကျောင်းသူ မမိုးပန်းဖြူအား ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးသည် နောင်သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းပေးမည့် အမျိုးသားရေးတာဝန်ဖြစ်

ယနေ့နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့် အခြေခံကောင်းများကို အမိအရအသုံးချ

အမျိုးသားညီလာခံအောင်မြင်စေရေး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ၁၀ ရက် မွန်းလွဲ ၂နာရီ၄၅ မိနစ်တွင် ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ ကရင်ပြည်နယ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကရင်ပြည်နယ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၏ အကျယ်အဝန်း၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပြည်နယ်အတွင်း မြေယာအသုံးချမှုအခြေအနေ၊ ပြည်နယ်၏ဆန်ဖူလုံမှုနှင့် မိုးစပါးဧကငါးသိန်း၊ နွေစပါးဧက ၁၅၀၀၀၀ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ရည်မှန်းဆောင်ရွက်နေမှု၊ အဓိကသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဆီထွက်သီးနှံ သစ်ဆိမ့်နှင့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှု၊ ငါး၊ ပုစွန်၊ ဝက်၊ ဒေသကြက်မွေးမြူထားရှိမှု၊ ပြည်နယ်အတွင်း လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် အတွင်းရေးမှူး(၁) ဦးဆောင်သည့် မိမိတို့အဖွဲ့အနေဖြင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ယနေ့ လာရောက်ကြခြင်း ဖြစ်ကြောင်း။

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ဒေသအခြေအနေ တင်ပြချက်များအရ မြို့နယ် လေးမြို့နယ်အနေဖြင့် ဒေသဆန်ဖူလုံမှုမရှိသေးသော်လည်း ကရင်ပြည်နယ်တစ်ခုလုံးအနေဖြင့် ဒေသဝမ်းစာ ဖူလုံနေပြီဟု သိရကြောင်း၊ မြို့နယ်တစ်ခုချင်းအလိုက် ဒေသဝမ်းစာဖူလုံမှုရရှိရေးအတွက် ဖြစ်နိုင်သမျှ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ထို့ပြင် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းကဏ္ဍအချို့တွင် တိုးတက်မှုများရရှိနေသကဲ့သို့ အချို့လုပ်ငန်းများလည်း တိုးတက်မှုများရရှိမည့်အခြေအနေကောင်းများ ရရှိဖြစ်ထွန်းနေသည်ကိုသိရှိရကြောင်း၊ ကဏ္ဍအားလုံးတွင် ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးစေရအောင် အရှိန်မပျက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အကျိုးရလဒ်ကောင်းများ

ဤကဲ့သို့ အောင်မြင်တိုးတက်မှုများ ရရှိနေခြင်းမှာလည်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများအပိုင်းကပါ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အကျိုးရလဒ်ကောင်းများကြောင့်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်သွားနိုင်စေရအောင် နေ့စဉ်နှင့်အမျှ တိုးတက်နေသည့် ကမ္ဘာ့နိုင်ငံများနှင့်အတူ အမီလိုက်ပါစေနိုင်ရအောင် ကဏ္ဍအားလုံးတွင် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရအောင် ပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဆက်လက်ပူးပေါင်း

ဤကဲ့သို့သော ကြိုးပမ်းဆောင်ရွက်နေမှုများမှာလည်း နိုင်ငံတော်နှင့် ပြည်သူများ၏ အထင်ကရ ကျန်ရစ်နေမည့် သမိုင်းမှတ်တိုင်များပင်ဖြစ်ပါကြောင်း၊ ယနေ့အောင်မြင်မှုများသည် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ပြည်သူများက တက်ကြွသည့်အားမာန်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ရရှိ ဖြစ်ထွန်းလာသည့် အောင်မြင်မှုများ ဖြစ်သည်နှင့်အညီ ရှေ့ဆက်မည့် နိုင်ငံတော် ခေတ်မီတိုးတက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဈေးကွက်ဝင် ထုတ်ကုန်ပစ္စည်းများ အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေး ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေး၊ ပညာပေးရေး၊ ဖျော်ဖြေရေးအစီအစဉ်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်းများမှ တစ်ဆင့် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ ရောက်ရှိအောင်ဆောင်ရွက်နေမှုနှင့် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက လက်ရှိ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွင် ကရင်ပြည်နယ်၏ ပါဝင်မှုအချိုးအစားတို့ကို နှိုင်းယှဉ်တင်ပြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုးမြှင့်အကောင်အထည်ဖော်ရန်လိုအပ်သည့်အခြေအနေတို့ကို ကဏ္ဍများအလိုက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် မိမိအနေဖြင့် ကရင်ပြည်နယ်သို့ နိုဝင်ဘာလက တစ်ကြိမ်ရောက်ရှိခဲ့ပြီး ယခု ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း။

ယနေ့မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားလိုကြောင်း။

တစိုက်မတ်မတ်

တပ်မတော်အနေဖြင့် ၁၉၈၈ခုနှစ်က ပေါ်ပေါက်ခဲ့သည့် နိုင်ငံတော်ပြိုကွဲမည့်အခြေအနေများကြောင့် နိုင်ငံတာဝန်များကို ထိန်းသိမ်း ရယူခဲ့ရကြောင်း၊ တပ်မတော်က နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူစဉ်ကပင် မိမိတို့ပြည်ထောင်စု နိုင်ငံတော်ကြီးအတွက် အသက်တမျှ အရေးကြီးလှသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကိုချမှတ်ပြီး တစိုက်မတ်မတ် ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြောင်း။

ယင်းဒို့တာဝန် အရေးသုံးပါးသည် မိမိတို့ လက်ထက်တွင်သာ ဖြစ်ထွန်းနေရုံမက၊ နောင်သားစဉ် မြေးဆက်တိုင် လက်ဆင့်ကမ်းပေးသွားရမည့် အမျိုးသားရေး တာဝန်များပင်ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးမည့် အမျိုးသားရေးတာဝန်များဖြစ်

- ❐ ဒို့တာဝန်အရေး သုံးပါးကိုချမှတ်ပြီး တစိုက်မတ်မတ် ထိန်းသိမ်းဆောင်ရွက်ခဲ့၊
- ❐ ယင်းဒို့တာဝန် အရေးသုံးပါးသည် မိမိတို့လက်ထက်တွင်သာ ဖြစ်ထွန်းနေရုံမက၊ နောင်သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းပေးသွားရမည့် အမျိုးသားရေး တာဝန်များပင်ဖြစ်၊
- ❐ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသား မျိုးနွယ်ပေါင်း ၁၀၀ကျော် ရှေးနှစ်ပေါင်းများစွာကပင် တစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူ ပူအမျှ အတူတကွ နေထိုင်လာခဲ့ကြ၊
- ❐ ပြည်နယ်နှင့်တိုင်း တစ်ခုအတွင်းမှာပင် တိုင်းရင်းသား မျိုးစုံ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိနေကြသည့်အတွက် ပြည်နယ်များနှင့်တိုင်းများဟု အမည်နာမ အခေါ်အဝေါ် ကွဲပြားနေသော်လည်း၊ ပြည်ထောင်စုလေးများအသွင် သဏ္ဌာန်ဖော်ဆောင်လျက်ရှိနေ။

ရေနံနှင့်သဘာဝဓာတ်ငွေ့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး မြန်မာ-အိန္ဒိယနှစ်နိုင်ငံဝန်ကြီးများ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Mani Shankar Aiyar နှင့်ဇနီး ခေါင်းဆောင်သော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ယမန်နေ့ ညပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့်ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား စွမ်းအင်ဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံနှင့်အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Mani Shankar Aiyar ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်း(၁)၌ ဆွေးနွေးကြသည်။**(အောက်ပုံ)**

အပြန်အလှန်လဲလှယ်

ထို့နောက် မြန်မာနိုင်ငံနှင့်အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (Memorandum of Understanding)ကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Mani Shankar Aiyarတို့က လက်မှတ်ရေးထိုးကာ နားလည်မှုစာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ဇန်နဝါရီ၁၄ရက်အထိနေထိုင်ကာ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယသုံးနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းပွဲသို့တက်ရောက်၍ မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကို လေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

အမျိုးသားရေးတာဝန်

မိမိတို့ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားမျိုးနွယ်ပေါင်း၁၀၀ကျော် ရှေးနှစ်ပေါင်းများစွာကပင် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြကြောင်း၊ တိုင်းရင်းသားအားလုံး ရေကြည်ရာ မြက်နုရာ ဆိုသကဲ့သို့ တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့ပြီး တစ်ဦးကိုတစ်ဦး စောင့်ရှောက် နေထိုင်လာခဲ့ကြကြောင်း၊ ပြည်နယ်နှင့်တိုင်းတစ်ခုအတွင်းမှာပင် တိုင်းရင်းသားမျိုးစုံ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိနေကြသည့် အတွက် ပြည်နယ်များနှင့်တိုင်းများဟု အမည်နာမ အခေါ်အဝေါ် ကွဲပြားနေသော်လည်း၊ ပြည်ထောင်စုလေးများအသွင် သဏ္ဌာန် ဖော်ဆောင်လျက်ရှိနေကြကြောင်း၊ ဤပြည်ထောင်စုလေးများ စုပေါင်းပြီး ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ဖြစ်တည်လာခဲ့ခြင်းပင်ဖြစ်ကြောင်း၊ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးမှာ အထူးထိန်းသိမ်းစောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း။

ထို့ပြင် မိမိတို့တိုင်းရင်းသားများ အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသဖြင့် သူ့ကျွန်ဘဝဖြင့် နှစ်ပေါင်းတစ်ရာကျော်နေထိုင်လာခဲ့ကြရသည့် ဆိုးကျိုးများကိုလည်း ခါးသီးစွာ တွေ့ကြုံခံစားခဲ့ကြရပြီးဖြစ်ကြောင်း။

ထိန်းသိမ်းကာကွယ်

ထို့ကြောင့် လွတ်လပ်ရေးမဆုံးရှုံးရလေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်သကဲ့သို့ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့်ရှိသည့်အချုပ်အခြာအာဏာ မိမိတို့တိုင်းရင်းသားများ၏လက်ထဲတွင်သာ အစဉ်အမြဲ တည်ရှိနေရအောင် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အမြဲထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်ကြောင်း။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ရယူစဉ်ကပင် ချမှတ်ခဲ့သည့် အမျိုးသားရေးမူဝါဒနှင့်အတူ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကိုလည်းချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံရေးဦးတည်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အခြေခံကောင်းများ ဖြစ်ထွန်းရရှိလာပြီဖြစ်၍ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်နှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း။

ကြိုးပမ်းတည်ဆောက်

တစ်ဆက်တည်းမှာပင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ခိုင်ခိုင်မြဲမြဲ ရေရှည်ရပ်တည်သွားစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများ တောင့်တင်းခိုင်မာစေရေးအတွက် ကြိုးပမ်း တည်ဆောက်ပေးလျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ်များ အစဉ်အမြဲရှင်သန်ဖွံ့ဖြိုးနေစေရေးအတွက် အဓိကကျသည့် စီးပွားရေးခိုင်မာတောင့်တင်းစေရန် အရေးကြီးကြောင်း။

နိုင်ငံတော်စီးပွားရေးအခြေအနေကောင်းများရရှိစေရေးအတွက် နှစ်ရှည်နှစ်တိုစီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏စီးပွားရေး အခြေခံကောင်းများရရှိနေပြီလည်းဖြစ်ကြောင်း။

ထို့အတူ လူမှုရေးဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအဆောက်အအုံများဖြစ်သည့် ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများကိုလည်း မြို့ကြီးများမှာရောဖွံ့ဖြိုးရေး ဒေသကြီးများတွင်ပါ တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

လက်တွဲကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ယနေ့နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့်အခြေခံကောင်းများကို အမိအရအသုံးချလျက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံအောင်မြင်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရေးမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၂)ရန်ကုန် ၁၉၈၀-၁၉၈၅ ဘွဲ့ရကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ရက်က မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ကျင်းပရာ အပူဇော်ခံ ဆရာ ဆရာမများအား ကျောင်းသားများက ကန်တော့ပစ္စည်းပေးအပ်ကြစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၌ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ အားကစား လှုပ်ရှားမှုအဖြစ် ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးချစ်က ဇန်နဝါရီ ၄ရက်တွင် အားကစားသမားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ I C T ရက်သတ္တပတ်
၂၀၀၅ ခုနှစ်
(၂၁-၁-၂၀၀၅) ရက်မှ (၂၇-၁-၂၀၀၅) ရက်အထိ
MICT Park၊ ရန်ကုန်မြို့။

တုန်းတာကုန်စည်ပြပွဲ ရန်ကုန်ကုန်သွယ်မှုဇာတ်ပြဌာန၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာတုန်းတာကုန်စည်ပြပွဲ (၂၀၀၅)ကို ဇန်နဝါရီ ၂၆ရက်မှ၃၀ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဇာတ်ပြဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တုန်းတာကုမ္ပဏီလီမိတက်မှ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံးရေမွှေးများ၊ လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ လက်သမားသုံးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ကားပေါ်လစ်များ၊ သံချေးချွတ်ဆေးများ၊ မြက်ရိတ်စက်များ၊ ကော်အမျိုးမျိုး၊ သစ်ဖြတ်စက်များ၊ အလူမီနီယမ်လှေကားများ၊ မီးစက် များ၊ သော့အမျိုးမျိုး၊ ကြမ်းခင်း၊ မျက်နှာကြက်၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ မိတ္တူကူးစက်၊ လေဆာပရင်တာပစ္စည်းများကိုလည်းကောင်း၊ အခြားကုမ္ပဏီနှင့် အရောင်းဆိုင်များကလည်း လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ကုန်ပစ္စည်းဆိုင်ရာသရုပ်ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် တင်ဆက်ပြသသွားမည်ဖြစ်ပြီး ဟက်ပီးဝါးမှ ကလေးကစားစရာအစီအစဉ် ပါဝင်မည်ဖြစ်သည်။ အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၂၄ရက်နောက်ဆုံးထား၍ တုန်းတာကုမ္ပဏီလီမိတက် ဖုန်း- ၂၉၈၁၂၈၊ ၂၉၅၆၁၃တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

နတ်တလင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၁

နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲများကို ဇန်နဝါရီ၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်(အလယ်ပစ္စယာ)အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် အဘိုးအဘွားများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသူအသင်းသားများ၏ သားသမီးများ၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် သူငယ်တန်းမှ၁၀မတန်းအထိ အတန်းအသီးသီးတွင် တန်းခွဲတစ်ခုချင်းအလိုက် ပထမရသူများ၊ တန်းခွဲအားလုံးပေါင်း ပထမရသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရသူများနှင့် တက္ကသိုလ်၊ ကောလိပ် အတန်းအသီးသီးတွင် ဂုဏ်ထူးရရှိသူများသည် ဒေါ်ဝင်းကြည်(ဥက္ကဋ္ဌ) ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၆၆၆၂၇၈၊ ဦးလှသန်း(ဘဏ္ဍာရေးမှူး) ဖုန်း-၅၃၇၈၃၉၊ ဦးဝင်းအောင်(အတွင်းရေးမှူး) ဖုန်း-၆၆၃၀၄၁တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးပို့ကြရန်နှင့် အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့်သန္တေတပ်ဖွဲ့ဝင်များ၊ (၈)ရပ်ကွက်ဥက္ကဋ္ဌ ဦးဖုန်းမြင့်နှင့် အရန်မီးသတ်တပ်ခွဲမှူးများနှင့် တပ်ဖွဲ့ဝင်များ (၈)ရပ်ကွက်သို့ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးကြစဉ်။ (က-ပ)

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော် ခေါင်းဆောင်သော အဖွဲ့အား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

✡ **ကျောဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇန်နဝါရီ၁၀ရက် နံနက်ပိုင်းတွင် တပ်မတော် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့သို့ နံနက်၁၀နာရီခွဲတွင် ရောက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးခင်မောင်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ သက်တော်ရှည် မဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလိယနှင့် ကရင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လုမ္ဗိနီ ဥယျာဉ်ကျောင်းတိုက်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဓဇတို့အား ဖူးမြော်ကြည်ညိုကြပြီး အတွင်းရေးမှူး(၁)က ဆရာတော်ကြီးများ၏ ကျန်းမာရေးအခြေအနေတို့ကို မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ သေဠမာရ်အောင်ဘုရားကြီးသို့ ရောက်ရှိကြပြီး ဂန္ဓကုဋိတိုက်ရှိ မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်၌ မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များအား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ တွေ့ဆုံသည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့ မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် အမျိုးသား အစည်းအရုံး (ဒီကေဘီအေ) အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများအားတွေ့ဆုံ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

လက်တွဲကြိုးပမ်း

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ပြည့်မြောက်သည်အထိ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းသွားကြရေး၊ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်ကို ယုံကြည်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်းဖြစ်သည်နှင့်အညီ မိမိတို့အဖွဲ့အစည်းဝင် မိသားစုများအပါအဝင် ဒေသနေပြည်သူများအားလုံး တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု အပြည့်အဝရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုံခြုံအေးချမ်းစွာဖြင့် ဆောင်ရွက်သွားနိုင်ရေးတို့အတွက် နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ပေးသွားကြရေး၊ မိမိတို့အဖွဲ့အစည်းဝင်မိသားစုများ စားဝတ်နေရေးလိုအပ်ချက်များ၊ ရေရှည်စိတ်ချရသည့် အခြေအနေများရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရေး၊ စားဝတ်နေရေး ပြည့်စုံမှုရရှိအောင် ဆန်စပါး၊ ပဲ၊ ပြောင်းအပါ အဝင် ဒေသတွင်း ဖြစ်ထွန်းနိုင်သမျှ သီးနှံများအောင်မြင်အောင် တိုးချဲ့စိုက်ပျိုးသွားကြရေးနှင့် တစ်ဆက်တည်းမှာပင် နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးခံစားရရှိနိုင်သည့် ရော်ဘာစိုက်ပျိုးရေးကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းစိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖြည့်စွက်မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အဝတ်အထည်များပေးအပ်

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး (ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့်အဖွဲ့ဝင်များအား သစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ၊ မြိုင်ကြီးငူ အထူးဒေသမိသားစုဝင်များအတွက် အဝတ်အထည်များကို ပေးအပ်သည်။

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ ပြည်နယ်စီမံကိန်းရုံးသို့သွားရောက်၍

နိုင်ငံတော်အစိုးရနှင့် လက်တွဲကြိုးပမ်း

- ❑ တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်ကို ယုံကြည်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်းဖြစ်။
- ❑ ဒေသနေပြည်သူများအားလုံး တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု အပြည့်အဝရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုံခြုံအေးချမ်းစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ပေး။
- ❑ မိမိတို့အဖွဲ့အစည်းဝင်မိသားစုများ စားဝတ်နေရေး လိုအပ်ချက်များ၊ ရေရှည်စိတ်ချရသည့် အခြေ အနေများရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်။

ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးမှာကြားသည်။

စည်းရုံးဆောင်ရွက်

အလားတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာရုံး၌ သက်ဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်ပပို့ကုန် အမယ်သစ်များတင်ပို့ရေးနှင့် စပ်လျဉ်း၍ စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မှန်မှန်ကန်ကန်ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးအား တာဝန်ရှိသူများက ထမ်းဆောင်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဝန်ကြီးဌာနအလိုက် မူလရည်မှန်းချက်တာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးရေး၊ ပြည်သူလူထုနှင့် ဆက်ဆံဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို စိတ်စေတနာကောင်းဖြင့် မှန်မှန်ကန်ကန်ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ မိမိတို့၏ တာဝန်များကို ရိုးသားပီပြင်စွာ ကြိုးစားဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ဘားအံမြို့ မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ၁၀ရက် ညပိုင်းတွင် ဘားအံမြို့ရှိ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များဖြည့်ဆည်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘားအံခရိုင်၊ ဖာပွန်၊ လှိုင်းဘွဲ့နှင့် ကမမောင်းတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းဟောပြော

ထို့နောက် ဝန်ကြီးက ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ သတ်မှတ်လျာထားချက်အတိုင်း ပြည့်အောင်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်ရာတွင်လည်း လုပ်ငန်းလွယ်ကူစေရေးနှင့် စနစ်တကျရှိစေရေးအတွက် သတ်မှတ်ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရေး၊ ကျေးလက်ပြည်သူများ စာဖတ်ကျင့်ရရှိလာအောင်နှင့် စာကြည့်တိုက်အရည်အသွေးတိုးတက်လာအောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့အတူ ကျေးရွာတိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက် အနည်းဆုံးတစ်လုံးရှိအောင်၊ အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံးရှိအောင်၊ ကျေးရွာတိုင်းသို့ အနည်းဆုံး သတင်းစာတစ်စောင် ရောက်ရှိအောင်၊ ဒို့ကျေးရွာဂျာနယ် အနည်းဆုံးတစ်စောင်စီရောက်ရှိအောင် စည်းရုံးဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးရုံးများက ဆောင်ရွက်ရမည့် ကျေးရွာတိုင်းသို့ ကွင်းဆင်းထိတွေ့ ဟောပြောရေး၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် လက်ကမ်းစာစောင်၊ နံရံကပ်စာစောင် ထုတ်ဝေရေးလုပ်ငန်းများ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရေးတို့ကိုလည်း အသေးစိတ်မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အတွင်းရှိ အီလက်ထရွန်နစ် စာကြည့်တိုက်ခန်း၊ နံရံကပ်စာစောင်များ၊ စာအုပ် စာစောင် ဂျာနယ်ထိန်းသိမ်းထားရှိမှုများကို ဆက်လက်စစ်ဆေးကြည့်ရှုသည်။

ခိုင်ခံ့ကောင်းမွန်အောင်

ထို့ပြင် ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင်လည်း ပုဂ္ဂလိကသို့ ငှားရမ်းထားသော မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဘားအံမြို့ တက်နေဝင်းရုပ်ရှင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်ရှင်ရုံတာဝန်ခံနှင့် ဝန်ထမ်းများအား စာချုပ်ပါအတိုင်း ရုပ်ရှင်ရုံအားပြင်ဆင်ရမည့်လုပ်ငန်းများကို ပြီးပြတ်အောင်ပြင်ဆင်ရေး၊ ရုပ်ရှင်ရုံရေရှည် ခိုင်ခံ့ကောင်းမွန်အောင် ထိန်းသိမ်းရေး၊ မီးဘေးလုံခြုံရေးအတွက် မီးကြိုးသွယ်တန်းမှုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်သူများအကူအညီဖြင့် ပြုပြင်ဆောင်ရွက်ရေးစသည်တို့ကို အသေးစိတ်မှာကြားခဲ့သည်။

ထို့အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ်ညှော့ခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများအားတွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့ နိုင်ငံတော်သြဝါဒါ စရိယ သက်တော်ရှည် မဲသောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယ ဗိုလ် ချုပ် ကြီး သိန်းစိန် ကရင်ပြည်နယ် မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇန အား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တို့နှင့်အတူ ဇန်နဝါရီ၈ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့၏ အရှေ့ဘက်လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက်မိုင်၃၀ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြပြီး ပေါင်းလောင်းမြစ်ရေစီးဆင်းမှု ဇလဗေဒနှင့်ဘူမိဗေဒတိုင်းတာရေးလုပ်ငန်းများ၊ အပေါ်ယံမြေသားရှင်းလင်းခြင်းလုပ်ငန်း၊ တမံအူလမ်းကြောင်းဖော်ထုတ်ခြင်းလုပ်ငန်း၊ စက်ရုံတည်ဆောက်ရန် နေရာရွေးချယ်ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးများက ၃၁မိုင်အရှည်ရှိ စီမံကိန်းချဉ်းကပ်လမ်းကို စက်ယန္တရားကြီးများနှင့် ယာဉ်ကြီးများ ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရေးအဆင့်မြှင့်တင်ဆောင်ရွက်သွားရန်၊ မိုးလေဝသ၊ ဇလဗေဒနှင့်ဘူမိဗေဒတိုင်းတာမှုလုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ စူးစမ်းတိုင်းတာရေးလုပ်ငန်းများနှင့် တစ်ပြိုင်တည်း စီမံကိန်းအကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားကြသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တိုးတက်ရရှိစေရေး လိုအပ်သောဆည်ရေပမာဏ ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ရေအားလျှပ်စစ် စက်ရုံကိုပါ ထပ်မံတည်ဆောက်သွားမည့် စီမံကိန်းတစ်ခုဖြစ်သည်။ ယခုအခါ စီမံကိန်းချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ ပေါင်းလောင်းမြစ် ဇလဗေဒနှင့် ဘူမိဗေဒစူးစမ်းတိုင်းတာမှု၊ ဒီဇိုင်းရေးဆွဲမှုလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များလိုက်ပါ၍ ပဲခူးတိုင်း အုတ်တွင်းမြို့ အနောက်ဘက် ၁၈ မိုင်ခန့်အကွာ ခပေါင်းချောင်း၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် လျာထားသည့်နေရာ၊ တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးပြီဖြစ်သော ရေယူဥမင်လိုဏ်တစ်လျှောက်နှင့် ရေလျှံထိန်းစည် တည်ဆောက်မှုလုပ်ငန်း၊ ရေယူအဆောက်အအုံတည်ဆောက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ကိုင်ရေး၊ စက်သုံးဆီ၊ ဘိလပ်မြေနှင့် လုပ်ငန်းသုံးပစ္စည်းများကို ချွေတာသုံးစွဲရေး၊ အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသော ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေးတို့ကို မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၁၁ရက်က ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ကျင်းပလျက်ရှိသော မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ်ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၅တွင် ရွှေရည်ဝင်းတိုင်းရင်းဆေးဝါးလုပ်ငန်းမှ မြတ်ရတနာဆင်တုံးမနွယ် ခံတွင်းရှင်းအစာကြေဆေးနှင့် ရှားစောင်းလက်ပပ် ချက်ဆေးများကို ရောင်းချပေးနေစဉ်။

(က-ပ)

ဇန်နဝါရီ၁၁ရက်က ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ကျင်းပလျက်ရှိသော မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၅တွင် World-wide Agro Livestock Co., Ltd.မှ နွားနို့စစ်စစ်နှင့် နို့ထွက်ပစ္စည်းများကို ဝယ်ယူအားပေးသူများကို တွေ့ရစဉ်။

(က-ပ)

အမိနိုင်ငံတော်အတွက် သားကောင်းသမီးမွန်များ ပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ကျော်မင်းခေါင်

အမိမြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသား မျိုးနွယ်စုပေါင်း ၁၀၀ ကျော်ဖြင့် စုစည်းတည်ထောင်ထား သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တစ်နံတစ်လျား တောင်ပေါ် မြေပြန့် ဒေသအနှံ့၌ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် အတူတကွ စုစည်းနေထိုင်လျက် ရှိကြသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းတို့ နေထိုင်ရာ အချို့သောနေရာ ဒေသများသည် အလွန်ပင် ဝေးလံသီခေါင်သော နယ်စွန်နယ်ဖျား တောင်ပေါ် ဒေသများ ဖြစ်ကြသည်။ ထိုသို့သော နယ်စွန်နယ်ဖျားဒေသများမှ ဒေသခံ တိုင်းရင်းသားတို့၏ လူမှုဘဝတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ထက်မြက် ဖျတ်လတ်သော ဒေသခံသွေးချင်းမောင်မယ်များ ပါဝင်ပူးပေါင်း ဆောင်ရွက် ခြင်းက ပိုမိုလေးနက် ထိရောက်မှုရှိပေမည်။ ထို့ပြင် ဆရာ ဆရာမ ရှားပါး သော ထိုဒေသများမှ သွေးချင်းရင်သွေးငယ်များ၏ ပညာရည်တိုးတက်မြင့်မား အောင် ဆောင်ရွက်ရာတွင်လည်း ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဓိကကျသော လူသားအရင်း အမြစ် စွမ်းရည်များဖော်ထုတ်မှုတွင် ပိုမို ထိရောက်အောင်မြင်မည် ဖြစ်သည်။ ထို့ကြောင့် ဝေးလံသီခေါင် တောင်ပေါ်ကျေးလက်ဒေသများ၊ နယ်စွန်နယ်ဖျား ဒေသများမှ ဒေသခံများ၏ လူမှုဘဝ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် လူသားအရင်းအမြစ် စွမ်းရည်များဖော်ထုတ်ရာတွင် ထိရောက်သော စွမ်းဆောင်မှုများ ပေးနိုင်စေရန်တို့အတွက် အမာခံသားကောင်း သမီးမွန်များ မွေးထုတ် ပေးရန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ခုနှစ် အောက်တိုဘာလ ၂၀ရက်နေ့တွင် စစ်ကိုင်းမြို့ ဧမြဝတီရပ်၌ စတင်ဖွင့်လှစ်ခဲ့ သည်။ ယင်းနောက် ၁၉၆၈ခုနှစ် ဩဂုတ်လ ၁၄ရက်နေ့တွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၉၁ခုနှစ် မေလ ၁၀ရက်နေ့တွင် ဥပဒေ အမှတ်(၉/၉၁)ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေကို ပြဋ္ဌာန်းပြီး သိပ္ပံအဆင့်မှ တက္ကသိုလ်အဆင့်သို့ တိုးမြှင့် ခဲ့သည်။ ထို့နောက် ၁၉၉၁ခုနှစ် ဇွန်လ ၁၀ရက်နေ့မှစ၍ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည်။

တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်လိုက်ခြင်းကြောင့် ပြည်ထောင်စုတိုင်း ရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ဆင်းများအနေဖြင့် ဒေသခံတိုင်းရင်းသား တို့၏ အကျိုးအတွက် ပိုမိုအရည်အချင်းပြည့်ဝစွာဖြင့် ထမ်းဆောင်နိုင်လာပြီး မိမိတို့၏ ဘဝရှေ့ရေးတိုးတက်မှု အခွင့်အလမ်းကိုလည်း ပိုမိုရရှိခဲ့သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတစ်ဦးကို တက္ကသိုလ်ဝင်တန်း ၁၀တန်းအောင်အဖြစ် သတ်မှတ်ချီးမြှင့်ပြီး မူလတန်းဆရာ ဆရာမများအဖြစ် ခန့်အပ်လွှာကိုပါ တစ်ပါတည်းအပ်နှင်းသည်။ ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ရင်း အဝေးသင်ဖြင့် ဘွဲ့တစ်ခုခု ရယူနိုင်သည်။ ဘွဲ့ရပြီးပါက ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် B.Edသင်တန်းတက်ပြီး ပညာရေးဘွဲ့ကို ထပ်မံဆွတ်ခူးနိုင်သည်။ ယင်းနောက် မိမိ၏ ကြိုးစားအားထုတ်မှုအပေါ် မူတည်၍ မဟာပညာရေးဘွဲ့(M.Ed)နှင့် မဟာဒဿန ပညာရေးဘွဲ့ (M.Phil. Education)များကိုလည်း ဖွံ့ဖြိုးရေး တက္ကသိုလ်၌ပင် တက်ရောက်သင်ကြားဆွတ်ခူးနိုင်သည်။ နှစ်စဉ်ပုံမှန် သင်တန်း များမှ ထူးချွန်သူများကိုလည်း ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့သို့ ပေါင်းကူး ပညာသင်ကြားနိုင်ရန် နိုင်ငံတော်က စီစဉ်ပေးထားသည်။ ဤသို့ဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတစ်ဦး၏ အနာဂတ် ဘဝတိုးတက်ပွင့်လင်းလာသည် သာမက ဒေသခံသွေးချင်းတို့၏ အကျိုးအတွက်လည်း ပိုမိုထိရောက်စွာဆောင် ရွက်နိုင် စွမ်းရှိလာသည်။ ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး အတွက်လည်း အားထားရသော အမာခံအမြုတေများ ဖြစ်လာခဲ့ပေသည်။

ထူးခြားချက်တစ်ခုမှာ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသူ၊ သင်တန်းသား သွေးချင်းမောင်မယ်တို့သည် တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်မှု၊ မလိုလားအပ်သောပြိုင်ဆိုင်ပလွှားမှုတို့ လုံးဝကင်းစင်ခြင်းပင်ဖြစ်သည်။ သူတို့၏နှလုံးအိမ်ထဲတွင် တစ်မြေတည်းနေ၊တစ်ရေတည်းသောက် သွေးချင်း မောင်နှမများဟူသည့် အသိတရားကသာလျှင် အစဉ်ဖုံးလွှမ်းလျက် ရှိသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ **မူလတန်းဆရာအတတ်သင် ပုံမှန်သုံးနှစ်သင်တန်း များကို ၂၀၀၀–၂၀၀၁ပညာသင်နှစ် ပုံမှန်သင်တန်းအမှတ်စဉ်(၃၆)မှစ၍ B.Ed လေးနှစ်သင်တန်း အဖြစ်သို့ ပြောင်းလဲခဲ့သည်။ သင်တန်းပြီးဆုံးသည်နှင့် B.Edဘွဲ့ကို တိုက်ရိုက်အပ်နှင်းပြီး ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ပေး အပ်မည် ဖြစ်သည်။ သင်တန်းဝင်ခွင့် ပညာအရည်အချင်းကိုလည်း အခြေခံပညာ အထက်တန်း (တက္ကသိုလ်ဝင်တန်း)အောင် ဒေသခံတိုင်းရင်းသား လူငယ် မောင်မယ်များ ဖြစ်ရမည်ဟု သတ်မှတ်ခဲ့သည်။**

ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း မောင်မယ်များသည် ပညာရေးဝန်ထမ်းများ အဖြစ်သာမက ဒေသဖွံ့ဖြိုးရေးအတွက်လည်း ခေါင်းဆောင်ငယ်များအဖြစ် ဦးဆောင်ဦးရွက်ပြု နိုင်အောင် သင်တန်းကာလအတွင်း နိုင်ငံတော်က စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ သင်တန်းဆင်းမောင်မယ်များသည် စိုက်ပျိုး ရေး၊ မွေးမြူရေး၊ ကြက်ခြေနီသူနာပြု၊ မီးသတ်ပညာမှအစ စနစ်တကျနားလည် တတ်ကျွမ်းသူများဖြစ်ကြပြီး အရေးကြုံပါက မိမိရပ်ရွာ၊ မိမိဒေသ ကာကွယ်ရေး၌ တစ်တပ်တစ်အား ပါဝင်နိုင်စေရန်အတွက်လည်း အခြေခံစစ်ပညာနှင့် မြန်မာ့ ရိုးရာသိုင်း ပညာကိုပါ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားကြရသည်။

ထူးခြားချက်တစ်ခုမှာ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသူ၊ သင်တန်းသား သွေးချင်းမောင်မယ်တို့သည် တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်မှု၊ မလိုလား အပ်သော ပြိုင်ဆိုင်ပလွှားမှုတို့ လုံးဝကင်းစင်ခြင်းပင် ဖြစ်သည်။ သူတို့၏ နှလုံးအိမ်ထဲတွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်း မောင်နှမများဟူသည့် အသိတရားက သာလျှင် အစဉ်ဖုံးလွှမ်းလျက် ရှိသည်။

တစ်ဦး နေထိုင်မကောင်း ဖြစ်လျှင် တစ်ဦးက ကိုယ်ဖိရင်ဖိ ပြုစုသည်။ တစ်ဦး၏ အခက်အခဲကို တစ်ဦးက ဖေးမကူညီသည်။ ကြီးသူက ငယ်သူကို ညှာတာသည်။ ငယ်သူ ကလည်း ကြီးသူကို အစ်ကိုကြီး၊ အစ်မကြီးများ သဖွယ် လေးစားဂါရဝထားသည်။ သူတို့အချင်းချင်း ဆက်ဆံပုံများသည် တကယ့် ညီရင်းအစ်ကို မောင်ရင်း နှမများ သဖွယ်ဖြစ်သည်။ ဖြူစင် သန့်ရှင်းသော နှလုံးသားပုံရိပ်များ သည် သူတို့၏ မျက်နှာပြင်ပေါ်၌ အထင်းသား ပေါ်လွင်လျက် ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသူ၊ သင်တန်းသား သွေးချင်း မောင်နှမများ။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြောင်းကိုတသီတတန်းကြီး စဉ်းစား တွေးတောရင်း မန္တလေး–ရွာသစ်ကြီး အမြန်ယာဉ်ကို စီးနင်းလိုက်ပါလာစဉ် စစ်ကိုင်းတံတားပေါ် ဖြတ်သန်း တိုက်ခတ်လာသော လေနုအေးတစ်ချက် ကြောင့် စာရေးသူ၏မျက်နှာပြင်တွင် အေးခနဲဖြစ်သွားပြီး အတွေးအမျှင်တန်း ပြတ်တောက်သွားခဲ့ရသည်။ ညာဘက်ကမ်းဆီ လှမ်းမျှော်ကြည့်လိုက်သောအခါ လွမ်းမောဖွယ်ရာ စစ်ကိုင်းတောင်ရိုးပေါ်၌ တင့်တယ်သပ္ပာယ်စွာတည်ရှိနေသော စေတီပုထိုး အဆူဆူကို ကြည်ညိုဖွယ် ဖူးမြင်လိုက်ရသည်။ မကြာမီ အမြန်ယာဉ် သည် စစ်ကိုင်းမြို့ကို ဖြတ်သန်းပြီး ရွာသစ်ကြီးဘက်ဆီသို့ ဦးတည်မောင်းနှင် လာခဲ့သည်။

စာရေးသူသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်သင်တန်းအမှတ်စဉ် (၃၆)၌ တက်ရောက်ပညာသင်ကြားလျက်ရှိသော စာရေးသူ၏ တူမလေး အိယန်းပါရ်ကို တွေ့ဆုံရန်အတွက် မန္တလေး– ရွာသစ်ကြီး အမြန်ယာဉ်ကိုစီးပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်ဆီသို့ လိုက်ပါလာခြင်း ဖြစ်သည်။ တူမလေး အိယန်းပါရ်မှာ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ဝေးလံ သီခေါင်သော တောင်ပေါ်ကျေးလက် တောရွာလေးမှနေ၍ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်သင်တန်း အမှတ်စဉ်(၃၆)၌ တက်ရောက်သင်ကြားနေသူဖြစ်သည်။ တူမလေးတို့ရွာမှာ ချင်းပြည်နယ်၏ မြို့ကြီးများဖြစ်သည့် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ မတူပီ စသည့်မြို့များနှင့် လွန်စွာ အလှမ်းဝေးပြီး သွားရေးလာရေး ခက်ခဲသည်။ ရွာသူ၊ ရွာသားများ မှာလည်း မိရိုးဖလာတောင်ယာလုပ်ငန်းကို လုပ်ကိုင်ပြီး ရိုးသားစွာ အသက်မွေး ကြသူများဖြစ်သည်။ ရွာတွင် မူလတန်းကျောင်းလေးရှိသော်လည်း ဆရာ၊ ဆရာမ ရှားပါးသည်။ ဤသို့သော ရွာလေးမှ တူမလေးတစ်ယောက် ဖွံ့ဖြိုးရေး တက္ကသိုလ်တက်ခွင့်ရသည့်အတွက် တစ်ရွာလုံး ဝမ်းသာလျက် ရှိကြသည်။ တူမလေး အိယန်းပါရ်သင်တန်း ဆင်းလာလျှင် ရွာကျောင်း၌ အမှန်တကယ် လစ်ဟာနေသော ဆရာမကွက်လပ်ကို ဖြည့်ပေးနိုင်တော့မည် မဟုတ်ပါလား။ သို့အတွက် တူမလေး အိယန်းပါရ် သင်တန်းဆင်းပြီး ရွာပြန်လာမည့်နေ့ကို အားလုံးက မျှော်လင့်နေ ကြသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒေါင်ဒေါင်မြည် လေ့ကျင့် သင်ကြားပေးလိုက်သော ဖွံ့ဖြိုးရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တူမလေးက ဦးဆောင် ဦးရွက် ပြုနိုင်ပေတော့မည်။ သို့အတွက် တူမလေး အိယန်းပါရ်ကို တစ်ရွာလုံးက အားထားမျှော်လင့်လျက် ရှိနေကြသည်။

တူမလေးတို့၏ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပုံမှန်သင်တန်းအမှတ်စဉ် (၃၆) B.,Ed လေးနှစ်သင်တန်းသည် လေးနှစ်သင်တန်းကာလ ပြီးဆုံးတော့မည်ဖြစ်၍ မကြာမီကာလအတွင်း လေ့လာရေး ခရီးစဉ်သွားရောက်ကာ နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံ ဂါရဝပြုပြီး ဩဝါဒလမ်းညွှန်မှုများ ခံယူကြရပေတော့မည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ် သင်တန်းမဆင်းမီ နိုင်ငံတော် အကြီးအကဲအား တွေ့ဆုံဂါရဝပြုခွင့် ရရှိပြီး နိုင်ငံတော် အကြီးအကဲ၏ ဩဝါဒ အမှာစကားများကို မှတ်သားနာယူခွင့် ရရှိကြသည်မှာ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသူ သင်တန်းသားများအဖို့ လွန်စွာ မွန်မြတ်ထူးကဲသော အခွင့်အရေး ကြီးတစ်ခုပင်ဖြစ်သည်။ နိုင်ငံတော် အကြီးအကဲအနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ် သင်တန်းသူ သင်တန်းသားများအား ဘဝတစ်သက်တာ လိုက်နာခံယူကျင့်သုံးသွားကြရမည့် ဘဝလမ်းညွှန်၊ လုပ်ငန်းလမ်းညွှန်များကို နောက်ဆုံးနှစ် သင်တန်းမဆင်းမီ အလေးအနက်မှာကြား လမ်းညွှန်မှုပြုမြဲ ဖြစ်သည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ သိပ္ပံအဆင့်မှ အစပြု၍ ယခုဆိုလျှင် နှစ်ပေါင်း၄၀တိုင်ခဲ့ပြီ ဖြစ်သည်။ နှစ်ပေါင်း၄၀သက်တမ်း ကာလအတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်မှ လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် သားကောင်းသမီးမွန်များစွာတို့သည် အမိနိုင်ငံတော်တစ်နံတစ်လျား တောင်ပေါ် မြေပြန့်ဒေသအနှံ့၌ နိုင်ငံတော်၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက် ရှိကြသည်။ အချို့သော နိုင်ငံများတွင် ၎င်းတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ နှင့် ပတ်သက်၍ တည်ထောင် ဖွင့်လှစ်ထားသည့် အလားတူ ကျောင်းများမှာ အထက်တန်းအဆင့်၊ သိပ္ပံအဆင့်မျှသာရှိသော်လည်း မိမိတို့နိုင်ငံတွင်မူ နိုင်ငံတော် အကြီးအကဲ၏ ပြည်ထောင်စုကြီးအပေါ်ထားရှိသော မွန်မြတ် မြင့်မားသည့် အမြော်အမြင်နှင့် စေတနာတို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကြီးဟူ၍ အဆင့်မီ တက္ကသိုလ်ကြီးတစ်ခုအဖြစ် ဝင့်ထည်စွာ ပေါ်ထွန်းနေခဲ့ပြီ ဖြစ်သည်။

ယာဉ်နောက်လိုက်၏ "ဖွံ့ဖြိုးရေးတက္ကသိုလ်ပါတယ်" ဟူသော အော်သံ ကြောင့် စာရေးသူ၏အတွေးများ ရပ်တန့် သွားခဲ့ပြန်သည်။ အမြန်ယာဉ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် မနီးမဝေးကားလမ်းပေါ်၌ ရပ်တန့်လိုက်သည်။ ကားပေါ်မှ ဆင်းပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ အဝင်လမ်းအတိုင်း အတန် ငယ် လျှောက် လှမ်းလိုက်သောအခါ ကြီးမားကျယ်ပြန့်သော ဖွံ့ဖြိုးရေးတက္ကသိုလ် ပရိဝုဏ် အတွင်းသို့ ရောက်ရှိခဲ့တော့သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ပရိဝုဏ်သည် ဧရာဝတီ မြစ်ကို မေးတင်လျက်ရှိပြီး ကုက္ကို၊ တမာ၊ ဇာဒံ၊ အသောက စသည့် အရိပ်ရ အပင်တန်းများ အုံ့အုံ့ဆိုင်းဆိုင်းဖြင့် လွန်စွာပနံသင့်လှသည်။ စာရေးသူ ရောက်ရှိသွားချိန်သည် သင်တန်းသူ၊ သင်တန်းသားများ ညနေကျောင်းဆင်း ချိန်နှင့် ကြုံကြိုက်နေသည်။ စကြ်ိမျးတစ်လျှောက် မိန်းကလေးသပ်သပ်၊ ယောက်ျားလေးသပ်သပ် နှစ်ယောက် တစ်တွဲစီဖြင့် အဆောင်များဆီသို့ ညီညာစွာ လျှောက်လှမ်း သွားကြသည်ကို မြင်တွေ့လိုက်ရသည်မှာ စည်းစနစ်ကျ ခြင်း၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။ စာရေးသူသည် စင်္ကြံလျှောက်လမ်း အနီးတွင် မတ်တပ်ရပ်၍ သင်တန်းသူ၊ သင်တန်းသားများကို တစေ့တစောင်း အကဲခတ်မိသည်။ သူတို့၏မျက်လုံးများသည် ကြည်လင်သန့်စင်နေသည်။ သူတို့၏အတွင်းအဖွဲ့တွေကို သူတို့၏ မျက်လုံးများက လှစ်ပြနေသည်။ သူတို့၏ နှလုံးအိမ်တွင် ရင့်ကျက်ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်မှတစ်ပါး အခြားမရှိ။

စာရေးသူသည် တူမလေးအိယန်းပါရ်ကို တူမလေး နေထိုင်ရာ မလိခ ဆောင်၏ ဧည့်ခန်း၌ တွေ့ဆုံရသည်။ တူမလေး၏ အသွင်သဏ္ဌာန်မှာ အားမာန်များအပြည့်ဖြင့် ရွှင်လန်းတက်ကြွနေသည်။ မကြာမီကာလအတွင်း တူမလေးနှင့်တကွ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃၆)မှနောက်ဆုံးနှစ် သင်တန်းသူ၊ သင်တန်းသားများသည် နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံဂါရဝပြုကာ ဩဝါဒလမ်းညွှန်မှုများ ခံယူကြ ပြီးနောက် ပြည်ထောင်စုတစ်ဝန်းမှ ဒေသအနှံ့သို့ ပညာရေးဝန်ထမ်းများ၊ ဖွံ့ဖြိုးရေး ခေါင်းဆောင်ငယ်များအဖြစ် သွားရောက်တာဝန် ထမ်းဆောင်ကြ ပေတော့မည်။ အမိနိုင်ငံတော်အတွက် စည်းလုံးညီညွတ်ခြင်း၏ အင်အားသစ်များ တိုးပွားလာ တော့မည် ဖြစ်သည်။

စာရေးသူသည် တူမလေးအိယန်းပါရ်ကို နှုတ်ဆက်ပြီး မလိခဆောင်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။ ထိုစဉ် ဖွံ့ဖြိုးရေးတက္ကသိုလ်ဝင်းအတွင်း ဖွင့်လှစ် ထားသော စားသောက်ဆိုင်ဘက်မှ အဆိုတော်ကိုင်ဇာ၏ **"ဥမကွဲ သိုက်မပျက်"** သီချင်းသံက လွင့်ပျံ့လာသည်။

> **"ဒီမြေ…ဒီရေ…ဒီတောင်တန်းတွေ သဘာဝတရားရဲ့ ချစ်စရာ့အမွေ၊ မြတ်နိုးနိုင်ကြစေ…သည်မြေပေါ်မှာနေ၊ ညီအစ်ကိုမောင်နှမတွေ…ဥမကွဲ သိုက်မပျက်နဲ့လေ၊ ချစ်စရာ့ဒီမြေ…ဒို့ပိုင်တဲ့မြေ၊ ချစ်စရာ့ဒီမြေ…ဒို့ပိုင်တဲ့မြေ"**

ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းတို့၏ ရင်သွေးရင်နှစ်များ ပေါင်းဆုံ ပညာသင်ကြားရာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သည်ကား အမိပြည်ထောင်စုနိုင်ငံတော်ကြီးအတွက် အားထားရသည့် သားကောင်းသမီးမွန်များစွာကို အစဉ်ပျိုးထောင် မွေးထုတ်ပေးလျက် ရှိနေမည် ဖြစ်ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်တည်ဆောက်ရေးလုပ်ငန်းများ မြန်မာမှုဗိသုကာလက်ရာများဖြင့်တည်ဆောက်ရေးဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၀ရက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့အဝင်ဝိဇယ ဘူမိမဟာမင်္ဂလာအောင်မြေကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီးသို့သွားရောက်၍ ရန်တိုင်းအောင်စေတီတော်တည်ဆောက်ရေးလုပ်ငန်း ဓာတ်ပုံမှတ်တမ်းများကိုလည်းကောင်း၊ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၌လှူဒါန်းမည့် ကြေးပိဿာချိန် ၅၂၀ရှိသည့် ကြေးသွန်းခေါင်းလောင်းတော်ကြီးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ယာယီကိန်းဝပ် စံပယ်တော်မူနေသည့် ပတ္တမြားမျက်ရှင် အဘယမုဒ္ဒိဆုတောင်းပြည့် ကြေးသွန်းဆင်းတုတော်ကြီးနှင့် ဗုဒ္ဓရုပ်ပွားကြေးသွန်းဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ကြီးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူးတို့အား စေတီတော် တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က စေတီတော်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ အလှူတော်ငွေများရရှိသုံးစွဲမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူးတို့က စေတီတော်၌ တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့သည် စေတီတော်တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ၁၀၈ပေအမြင့်ရှိ တံခွန်တိုင်ကြီးတည်ဆောက်နေမှု၊ တံခွန်တိုင်ပေါ်တွင် တည်ဆောက်မည့်ဟင်္သာရုပ်အား သံချည်သံကွေးတို့ဖြင့် တည်ဆောက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းသုံး ပစ္စည်းများအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စေတီတော်ကြီးအား မြန်မာမှုအနုပညာဗိသုကာလက်ရာများဖြင့် ကြည်ညိုသပ္ပာယ်အောင်တည်ဆောက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥက္ကံအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးပွဲ ဘွဲ့ထူးရပုဂ္ဂိုလ်များဂုဏ်ပြုပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်မြို့)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ နိုင်ငံတော်ဂုဏ်ထူးဘွဲ့ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စမ်းချောင်းမြို့နယ် မြေနီကုန်း ပြည်လမ်းရှိ မစိုးရိမ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ရန်ကုန်ရောက် ဥက္ကံနယ်သူ နယ်သားများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

နိုင်ငံတော်က ဂုဏ်ထူးဘွဲ့ထူးချီးမြှင့်ခံရသော ဥက္ကံနယ်သူနယ်သားများနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်သားသမီးများစာရင်းကို ဥက္ကဋ္ဌ ဦးကြည်စိန် ဖုန်း-၅၄၂၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း-၅၄၆၁၅၀နှင့် အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း-၅၂၆၅၆၆တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နာနတ်တော ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

ဓာတ်ခွဲဝန်ထမ်းများအကျကြည့်မှန်ဘီလူးပြုပြင်ခြင်းနှင့် ငှက်ဖျားဆေးအရည်အသွေးစစ်ဆေးခြင်းသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဓာတ်ခွဲ ဝန်ထမ်းများ အဏုကြည့်မှန်ဘီလူးပြုပြင်ခြင်းနှင့် ငှက်ဖျားဆေးအရည်အသွေးစစ်ဆေးခြင်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲ တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဆေးဝါးစက်ရုံလမ်းရှိ ဗဟိုငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းက အမှာစကားပြောကြားသည်။

သင်တန်းသို့ပြည်နယ်နှင့်တိုင်းငှက်ဖျားအဖွဲ့များမှ ဓာတ်ခွဲ(ပထမ)တန်းများ၊ ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)၊ ဗဟိုဆေး သိုလှောင်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာန၊ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနတို့မှ သင်တန်းသား ၂၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ၂၃ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၈ရက်က အင်းစိန် တောင်သူကုန်းရပ်ကွက် အသင်းမြေကွက်လပ်၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာထွန်းလွင်က လေးနှစ်နှင့် တစ်နှစ်ကလေးပြိုင်ပွဲ ပထမဆုရ နော်ဂေးခူးသူအား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း၏(၂၀၀၄)ခုနှစ် ပညာရည်ချွန် ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ၃ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ဒုတိယတန်းတွင် ဒုတိယဆုရရှိသူ မောင်မျိုးထက်မင်းအား ကျောင်းအုပ်ဆရာကြီးဦးအုန်းကျော်က ဆုချီးမြှင့်စဉ်။ (က-ပ)

နာနတ်တောခုံးကျော်တံတားဆောလျင်စွာပြီးစီးရေးအရှိန်အဟုန်ဖြင့်ဆောင်ရွက် တည်ဆောက်ရေးကာလနှစ်လကျော်အတွင်း၈၀ရာခိုင်နှုန်းတည်ဆောက်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းနာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် မရမ်းကုန်းမြို့နယ် ဆင်မလိုက်လမ်းဆုံတို့ကို ဆက်သွယ်ထားသည့် နာနတ်တောခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နာနတ်တောခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက် ပြီးစီးမှုအခြေအနေနှင့် အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အချိန်တိုအတွင်းသွားလာနိုင်

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းက ရန်ကုန်မြို့တွင်းမှ မင်္ဂလာဒုံမြို့နယ် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းနှင့်မြောက်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းမကြီးများသို့ ယာဉ်ကြောပိတ်ဆို့မှုမရှိစေဘဲ အချိန်တိုအတွင်း အလွယ်တကူဆက်သွယ်သွားလာနိုင်ရေးအတွက် ကျောက်ရေတွင်း မီးရထားခုံးကျော်တံတား တည်ဆောက်နိုင်မည့် အခြေအနေများ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က နာနတ်တောခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများသတ်မှတ်ချိန်ထက် ဆောလျင်စွာပြီးစီးသည်နှင့်အမျှ ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ရာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ပြီးစီးစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နာနတ်တောခုံးကျော်တံတားချဉ်းကပ်လမ်းခင်းကျင်းလျက်ရှိသည့်အခြေအနေ၊ တံတားကွန်ကရစ်ကြမ်းခင်း ခင်းကျင်းပြီးစီးသည့်အခြေအနေ၊ တံတားလက်ရန်းများတပ်ဆင်ပြီးစီးသည့်အခြေအနေ၊ တံတားအောက်ခြေ Pier တိုင်များအားလုံးပြီးစီးသည့်အခြေအနေနှင့် ကြိုတင်အားဖြည့် ကွန်ကရစ်အောက်ထည်အားလုံးဆောင်ရွက်ပြီးစီးသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နာနတ်တောခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ပင်မတံတားအရှည် ၅၈၁ပေ၊ ချဉ်းကပ်လမ်းအရှည် ၄၉၆ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီ၊ ရထားကင်းလွတ်အမြင့် ၁၇ပေနှင့် ကားလမ်းကင်းလွတ်အမြင့် ၁၅ပေရှိသည့် ကြိုတင်အားဖြည့်ရက်မ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတားတည်ဆောက်မှု စီမံကိန်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ တည်ဆောက်ရေးကာလ နှစ်လနှင့် ကိုးရက်အတွင်း ၈၀ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီးဖြစ်သည်။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်နာနတ်တောခုံးကျော်တံတားကြီးကို ပြည်ထောင်စုနေ့မတိုင်မီ အပြီးတည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲယှဉ်ပြိုင် မြန်မာအသင်း ရွှေတံဆိပ်လေးခုဖြင့် ဦးဆောင်နေ



ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ မီတာ၇၀ မြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ဤသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ၏ မီတာ၇၀ မြားပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက၊ အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဂျူရီအဖွဲ့ဝင်များ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အိမ်ရှင် မြန်မာနိုင်ငံတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် မြားပစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသား

ရှေးဦးစွာ နံနက် ၉နာရီခွဲတွင် အမျိုးသမီး Recurve မီတာ ၇၀ မြား ၇၂ချောင်းပစ်ပြိုင်ပွဲနှင့် အမျိုးသား Compound မီတာ ၇၀ မြား ၇၂ ချောင်းပစ်ပြိုင်ပွဲများကို ကျင်းပရာ

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် အမျိုးသား အသင်းလိုက်နှင့် တစ်ဦးချင်း အမှတ်ပေး Compound ပြိုင်ပွဲတွင် အမှတ်ပေါင်း ၆၈၂ဖြင့် ပထမ ရရှိသွားသော ရွှေတံဆိပ်နှစ်ဆုရှင် ပေါ်ဦး(မြန်မာ)၏ မြားပစ်ဟန်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အမျိုးသားအသင်းလိုက် Compound ပြိုင်ပွဲတွင် မြန်မာ(က)အသင်းက ပထမ ရွှေတံဆိပ်၊ ထိုင်းအသင်းက ဒုတိယ ငွေတံဆိပ်နှင့် မြန်မာ(ခ) အသင်းက တတိယ ကြေးတံဆိပ်ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပေါ်ဦးက ၆၈၂မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မျိုးအောင်ဆန်းက ၆၇၄မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ လင်းနိုင်က အမှတ် ၆၆၀ ဖြင့် တတိယ ကြေးတံဆိပ်ရရှိကြသည်။

အမျိုးသမီး အသင်းလိုက် Recurve ပြိုင်ပွဲတွင် မလေးရှားအသင်းက ပထမ ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ဒုတိယ ငွေတံဆိပ်နှင့် မြန်မာအသင်းက တတိယ ကြေးတံဆိပ်ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှားအသင်းမှ အားကစားသမား သုံးဦးက ပထမ၊ ဒုတိယနှင့် တတိယ ဆုများ ရရှိကြသည်။

အမျိုးသမီး

ထို့နောက် ညနေ ၃နာရီတွင် အမျိုးသမီး Compound မီတာ ၇၀ မြား ၇၂ချောင်းပစ်ပြိုင်ပွဲနှင့် အမျိုးသား Recurve မီတာ၇၀ မြား၇၂ချောင်းပစ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား အသင်းလိုက် Recurve ပြိုင်ပွဲတွင် မလေးရှားအသင်းက ပထမရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ဒုတိယ ငွေတံဆိပ်နှင့် မြန်မာအသင်းက တတိယ ကြေးတံဆိပ်ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှားမှ Mr. Cheng Chu Sian က ပထမ၊ အင်ဒိုနီးရှားမှ Mr. Kuswantoro က ဒုတိယနှင့် မလေးရှားမှ Mr.Md Marbawi Sulaiman က တတိယ ရရှိသည်။

အမျိုးသမီး အသင်းလိုက် Compound ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမနှင့် ဗီယက်နမ်အသင်းက ဒုတိယရရှိကြပြီး တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ယုနန္ဒာထိုက်က ပထမ၊ သင်းသင်းခိုင်က ဒုတိယနှင့် မေရီစန်းက တတိယ ရရှိကြသည်။

ဦးဆောင်

ယနေ့ကျင်းပသည့် ပထမနေ့ ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းက

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း အမှတ်ပေး ပြိုင်ပွဲနှင့် အသင်းလိုက် Compound ပြိုင်ပွဲများ၌ ရွှေတံဆိပ် နှစ်ခု ရယူပေးသူ ယုနန္ဒာထိုက် (မြန်မာ)။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်ငါးခုရရှိပြီး ပြိုင်ပွဲကို ဦးဆောင်နေသည်။

ဇန်နဝါရီ၁၂ရက် နံနက် ၉နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး တစ်ဦးဖြစ်သော ဒုရဲအုပ် သန်းသန်းယုက ဒိုင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။

(ဒုရဲအုပ် သန်းသန်းယုသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီး အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးတစ်ဦးဖြစ်သည်။)

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

စဉ်	နိုင်ငံ	အမျိုးသား Compound			အမျိုးသမီး Compound			အမျိုးသား Recurve			အမျိုးသမီး Recurve			စုစုပေါင်း		
		ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး
၁။	မြန်မာ	၂	၁	၂	၂	၁	၁	-	-	၁	-	-	၁	၄	၂	၅
၂။	မလေးရှား	-	-	-	-	-	-	၂	-	၁	၂	၁	၁	၄	၁	၂
၃။	အင်ဒိုနီးရှား	-	-	-	-	-	-	-	၂	-	-	၁	-	-	၃	-
၄။	ထိုင်း	-	၁	-	-	-	-	-	-	-	-	-	-	-	၁	-
၅။	ဗီယက်နမ်	-	-	-	-	၁	-	-	-	-	-	-	-	-	၁	-
၆။	လာအို	-	-	-	-	-	-	-	-	-	-	-	-	-	-	-

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်ညွှန်ချပ်ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၁

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဇန်နဝါရီ ၄ရက်မှ ၆ရက်အထိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ တာဝန်ခံ ဦးစီးမှူးများ လိုက်ပါလျက်မန္တလေးတိုင်းရမည်းသင်းခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တပ်ကုန်းမြို့နယ်အတွင်းရှိ ၂၀၀၄-၂၀၀၅ခုနှစ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအထောက်အကူပြု လွတ်ဘုံကြိုးဝိုင်း၊ ဆင်သေရေလှောင်တမံ ရေဝေရေလဲ စိုက်ခင်းဧက ၁၆၀၀၊ ကျေးရွာသုံးထင်းစိုက်ခင်း ဧက၂၀၀၊ ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်း ၁၅ဧကနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် ရေဝေရေလဲ စိုက်ခင်းဧက ၁၈၃၀၊ ကျေးရွာသုံး ထင်းစိုက်ခင်း၃၁၅ဧကတို့၏ကျင်းတူးခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်များ၊ မန္တလေးတိုင်း၊ ညောင်ဦးခရိုင် အတွင်းရှိ ၂၀၀၃ ခုနှစ် ကျောက်ကူးကာကွယ်တောစိုက်ခင်း ဧက၂၅၀၊ ကြူပင်ကွေ့ ကာကွယ်တော စိုက်ခင်းဧက ၂၅၀ နှင့်ကြက်ဆူစိုက်ခင်းများ၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ငါ့လင်းပုတ်တောင်တန်း ပျိုးဥယျာဉ်နှင့်ကျင်းတူးခြင်းလုပ်ငန်းများ၊ မြင်းခြံခရိုင် တောင်သာတောင် စိမ်းလန်းစိုပြည်ရေးနှင့်ရက္ခဥယျာဉ် တည်ဆောက်ထားရှိမှု အခြေအနေများ၊ မကွေးတိုင်း မကွေးခရိုင် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး တမာစိုက်ခင်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်တာဝန်ခံများသို့ ပွင့်လင်းရာသီရောက်ပြီဖြစ်၍ စိုက်ခင်းနှင့် သဘာဝကာကွယ်တောများ မီးမလောင်အောင် စနစ်တကျ ကြိုတင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လာမည့်မိုးရာသီတွင် အချိန်မီ စိုက်ပျိုးနိုင်ရန် ပျိုးပင်များ စနစ်တကျ ပြုစုပျိုးထောင်ရေး၊ ကျင်းတူး၊ကျင်းဖို့ခြင်းလုပ်ငန်းများ ဧပြီလကုန်အပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း အပြီးဆောင်ရွက်ရေး၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိမိတို့ဌာနမှ ပါဝင်ဆောင်ရွက်ရမည့် တိုင်း၊ ခရိုင်၊ မြို့နယ် တာဝန်ခံများအနေဖြင့် လုပ်ငန်းအောင်မြင်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(က-ပ)

လုပ်သားကောလိပ် (ရူပဗေဒ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

၁၉၇၂-၇၇ခုနှစ် ပညာသင်နှစ် လုပ်သားကောလိပ် ရူပဗေဒအဓိက ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အမှတ် ၁၅/ခ၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ် AIT (Early Learning Centre) ၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကို ဦးကျော်သူ ဖုန်း-၂၅၆၆၀၂၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ဦးတင်အေး ဖုန်း-၆၆၆၇၁၈နှင့် ဒေါ်ခင်ခင်လှ ဖုန်း-၅၄၀၇၀၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီး–ကလော တာဝေးစက်ဘီးပြိုင်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

အားကစားဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့်ကာယပညာကော်မတီတို့က ပူးပေါင်းကျင်းပသည့် တောင်ကြီး–ကလော–တောင်ကြီး အမျိုးသား၊ အမျိုးသမီးတာဝေးစက်ဘီးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့ဝင်မုခ်ဦး၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် စက်ဘီးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

တာလွှတ်ပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမျိုးသားအလွတ်တန်းကီလိုမီတာ ၁၆၀ တာဝေး စက်ဘီးပြိုင်ပွဲကိုလည်းကောင်း၊ အမျိုးသမီးအလွတ်တန်း ၆၉ ဒသမ ၅ ကီလိုမီတာ တာဝေးစက်ဘီးပြိုင်ပွဲကိုလည်းကောင်း သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်သို့ ငွေကျပ် ၈၆သိန်းနှင့် စက်ဘီးတာယာ ၁၁၂ လုံးတို့ကို အလှူရှင်အသီးသီးတို့က ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ခံကြသည်။

တာဝေးပြိုင်ပွဲ

အမျိုးသမီး အလွတ်တန်း ၆၉ ဒသမ ၅ ကီလိုမီတာ တာဝေးပြိုင်ပွဲတွင် စံချိန် ၂ နာရီ ၅၅ မိနစ် ၅၁ ဒသမ ၅၉ စက္ကန့်ဖြင့် နန်းအိအိထွေးက ပထမရရှိပြီး သန်းသန်းကျင်(မွေး/ရေ)က ဒုတိယ၊ အေးအေးသင်း (မွေး/ရေ)က တတိယရရှိကြသည်။

အမျိုးသားအလွတ်တန်း ကီလိုမီတာ ၁၆၀ တာဝေးပြိုင်ပွဲတွင် စံချိန် ၄ နာရီ ၀၉ မိနစ် ၄၈ ဒသမ၆၅ စက္ကန့်ဖြင့် မင်းမင်းဟန်(လယ်/ဆည်)က ပထမ၊ ဝင်းလှိုင်(ရကတ)က ဒုတိယ၊ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်) က တတိယရရှိကြသည်။ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး၏ (၁၀၄)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဘုရားကြီး၏ ဂေါပက ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကာ ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဇန်နဝါရီ၁၈ ရက်မှ ၂၂ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ၂၂ရက်ညနေတွင် ဆွမ်းတော်ကြီးပွဲများပို့လှူပြီး ၂၃ရက် နံနက် အရုဏ်တက်တွင် ဆွမ်းတော်ကြီးပွဲများ ကပ်လှူပူဇော်ကြမည်ဖြစ်သည်။

၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်း(နဝကမ္မ)ပစ္စည်းစုံ ပဒေသာပင်များ လောင်းလှူပူဇော်မည်ဖြစ်ရာ ဂေါပကအဖွဲ့ရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၅၅၄၀၅၇ နှင့် ၅၄၂၁၇၇တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

မြတောင်စာသင်တိုက်၌ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ပန်းတနော်မြို့ မြတောင်စာသင်တိုက် စိန်တန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပမည့် မြမေတ္တာမျက်စိအထူးကုဆေးခန်း (၆)နှစ်မြောက် တရားပွဲတွင် နေ့စဉ်ည၇နာရီ မှစ၍ ဆရာတော်ကြီးများက တရားတော်များဟောကြားချီးမြှင့်မည်ဖြစ်ရာ ဇန်နဝါရီ၁၅ရက်ညတွင် မြတောင်စာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလညာဏ၊ ၁၆ရက်နှင့်၁၇ရက်ညများတွင် ဗဟုဇနဟိတရေ တွံတေးဆရာတော် အရှင်ကုလ္လန္ဒက၊ ဖေဖော်ဝါရီ၄ရက်နှင့်၅ရက်ညများတွင် နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟသာ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကမ္ဘာတစ်လွှား အားကစား

ဂျူဗင်းတပ်စ်တို့နိုင်ပွဲရ၊ ထိပ်ဆုံး၌ဆက်လက်ဦးဆောင် အင်တာမီလန်တို့အိမ်ကွင်းတွင်ကံကောင်း၍နိုင်ပွဲရ

ရောမ ဇန်နဝါရီ ၁၁

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈)ကို ဇန်နဝါရီ၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ စီးရီးအေအသင်းများ ပွဲဆက်တိုက် ကစားခဲ့ကြရသော်လည်း အသင်းကြီးများဖြစ်သော ဂျူဗင်းတပ်စ်၊ အင်တာမီလန်နှင့် လာဇီယိုတို့ အနိုင်ရရှိခဲ့ကြပြီး နာမည်ကြီး အေစီမီလန်တို့ဂိုးမရှိ သရေပွဲနှင့် ကြုံခဲ့ရသည်။

ဂျူဗင်းတပ်စ်နှင့်လီဗော်နို

ဂျူဗင်းတပ်စ်ကွင်း ဒယ်လီအယ်ပီ၌ ကစားခဲ့ရသောပွဲကို အိမ်ရှင်ဂျူဗင်းတပ်စ်တို့က ခြေအသာဖြင့် ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့ရာ အိမ်ကွင်း ရှုံးပွဲလုံးဝမရှိသောစံချိန်ကို ဆက်လက်ထိန်းသိမ်းခဲ့သလိုပင် တန်းစီဇယား၌ ဆက်လက်ဦးဆောင်မြဲဦးဆောင်လျက်ရှိသည်။ ဂျူဗင်းတပ်စ်အတွက်ပွဲချိန် ၁၇မိနစ်တွင် ဒယ်ပီယာရို၊ ၂၅ မိနစ်တွင် ကာမိုရာနီဆီနှင့် ၇၅ မိနစ်တွင်

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ဂျူဗင်းတပ်စ်နှင့် လီဗော်နိုတို့ ယှဉ်ပြိုင်ကစားသည့် ပွဲတွင် ဂျူဗင်းတပ်စ်မှအိုလီဗီရာ(ဝဲ) ထိုးဖောက်ကစားမှုကို လီဗော်နိုမှ ဘယ်လီရီ လိုက်လံဟန့်တားစဉ်။

(ဓာတ်ပုံ–

အီဘရာဟီမိုဗစ်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ပွဲချိန်မိနစ်၉၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ကာမိုရာနီဆီက ဂိုးသွင်းယူခဲ့သဖြင့် ဂျူဗင်းတပ်စ်တို့ လေးဂိုးသွင်းယူနိုင်ခဲ့ပြီး လီဗော်နိုအတွက် ၄၂ မိနစ်တွင် ဗီဒီဂယ်က တစ်ဂိုးနှင့် မိနစ်၈၀တွင် မီလာရာက တစ်ဂိုး ချေပနိုင်ခဲ့သဖြင့် ဂျူဗင်းတပ်စ်တို့ လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်နှင့်ဆမ်ဒိုးရီးယား

နိုင်ပွဲဆက်နေသော အင်တာမီလန်တို့အိမ်ကွင်း ဆမ်ဆီရို၌ နိုင်ပွဲရအောင် အသည်းအသန်ကြိုးစားခဲ့ရပြီး ကံကောင်းစွာဖြင့် ဆမ်ဒိုးရီးယားကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆမ်ဒိုးရီးယားက ၄၄ မိနစ်တွင် တိုနက်တိုက အဖွင့်ဂိုးသွင်းယူခဲ့ပြီး မိနစ်၈၀၌ မီလာရာက ဒုတိယဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး–ဂိုးမရှိရှုံးနေရာမှ မိနစ်၉၀အရောက်တွင် အင်တာမီလန်မှ မာတင်ကတစ်ဂိုး၊ ၉၁မိနစ်တွင် ဗီယာရီကတစ်ဂိုးနှင့် ၉၂မိနစ်တွင် ရီကိုဘာက တစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် အင်တာမီလန်တို့အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ပါလာမို	၀	–	၀	အေစီမီလန်
ဘိုလော့နာ	၃	–	၁	ချီယေးဗို
ဖီအိုရင်တီးနား	၂	–	၃	လာဇီယို
လက်ချီ	၁	–	၁	ရက်ဂျီးနား
မက်ဆီနာ	၂	–	၀	ဘရက်ရှား
ဆီနာ	၀	–	၁	ပါးမား
အူဒီးနိစ်	၂	–	၀	ကယ်ဂလီရာရီ
ရိုးမား	၂	–	၂	အတ္တလန္တာ

(အင်တာနက်)

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ၂၀၀၄ ခုနှစ် တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင်နှင့်ပြည်နယ်နှင့် တိုင်းများမှ မီးသတ်ဦးစီးဌာနမှူးများက မိမိတို့ဌာနအလိုက်၊ တပ်ဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ မီးသတ်ဦးစီးဌာန၏ ၂၀၀၄ ခုနှစ် တတိယလေးလပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကိုဇန်နဝါရီ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာတာလေကြောင်းလိုင်း၏ ဒိုဟာ–ရန်ကုန်–ဒိုဟာခရီးစဉ်စတင်ပျံသန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့နှင့် ကာတာနိုင်ငံ ဒိုဟာမြို့တို့အကြား ပျံသန်းပြေးဆွဲသည့် ကာတာနိုင်ငံ ကာတာလေကြောင်းလိုင်း(Qatar Airways)၏ ဒိုဟာ–ရန်ကုန်–ဒိုဟာ ပုံမှန်ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲခြင်း အခမ်းအနားကို ဇန်နဝါရီ ၈ရက် ညနေ ၅နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အထူးအရာရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဗိုလ်မှူးချုပ်မျိုးတင်နှင့် ကာတာလေကြောင်းလိုင်း၏ Senior Manager ဖြစ်သူ Mr.Ali Al Raisတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ကာတာလေကြောင်းလိုင်းသည် ဒိုဟာ–ရန်ကုန်–ဒိုဟာ ပုံမှန်ခရီးစဉ်သစ်ကို တစ်ပတ်လျှင် လေးကြိမ်ပျံသန်းမည်ဖြစ်ရာ ဒိုဟာမြို့မှ ရန်ကုန်မြို့သို့ အပတ်စဉ် အင်္ဂါနှင့် စနေနေ့များတွင် ညနေ ၅ နာရီ မိနစ် ၅၀ ၌ ဆိုက်ရောက်မည်ဖြစ်ပြီး တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် နံနက် ၆နာရီ ၀၅မိနစ်၌ ဆိုက်ရောက်မည်ဖြစ်သည်။

ကာတာလေကြောင်းလိုင်းသည် ဤကဲ့သို့ ဒိုဟာ–ရန်ကုန်–ဒိုဟာ ပုံမှန်ခရီးစဉ်သစ်ကို စတင်ပျံသန်းနိုင်ခြင်းသည် ၁၉၉၆ခုနှစ်တွင် နှစ်နိုင်ငံကိုယ်စားလှယ်များ ညှိနှိုင်းရေးဆွဲထားသည့် မြန်မာ–ကာတာ လေကြောင်းသဘောတူစာချုပ်မူကြမ်းကို နှစ်နိုင်ငံကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ သက်ဆိုင်ရာနိုင်ငံ အစိုးရများက သဘောတူခွင့်ပြုချက်ဖြင့် ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ရန်ကုန်မြို့၌ အပြီးသတ်လက်မှတ်ရေးထိုးခဲ့သည်။

ဇန်နဝါရီ ၈ရက် ညနေ ၅နာရီ ၁၀မိနစ်က ကာတာနိုင်ငံ ဒိုဟာမြို့မှ ဆိုက်ရောက်လာသည့် ကာတာလေကြောင်းလိုင်း၏ Air-Bus A319-133၊ လေယာဉ်ခရီးစဉ်အမှတ် QR 630၏ ကနဦးခရီးစဉ်တွင် ခရီးသည် ၁၁၀ ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခရီးသည် ၉၄ဦးဖြင့် ညနေ ၆နာရီ မိနစ် ၄၀တွင် ဒိုဟာမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်းသိရသည်။

(ပို့ဆောင်ရေး)

ကာတာလေကြောင်းလိုင်း၏ ဒိုဟာ–ရန်ကုန်–ဒိုဟာ ပုံမှန်ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲခြင်း အခမ်းအနား၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ကာတာလေကြောင်းလိုင်း အကြီးတန်းမန်နေဂျာ Mr.Ali Al Rais အား ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။

(ပို့ဆောင်ရေး)

ရမည်းသင်းမြို့တွင် ကျေးရွာစာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၄

ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရမည်းသင်းမြို့နယ် တိန်းညက်ကုန်းကျေးရွာ ဖိုးရာဇာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ဆိုင်းဘုတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်ဦးဇော်ဝင်း၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်မူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဝမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက စာကြည့်တိုက် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လှူဒါန်းသည့်မဂ္ဂဇင်း၊ ဂျာနယ်စာစောင် အုပ်၅၀ ကို ဒုတိယဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝိုင်းက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေသဆိုင်ရာ မျက်စိအထူးကု ဆရာဝန်အဖွဲ့ ဂန့်ဂေါခရိုင်အတွင်းရှိ ဝေဒနာရှင်များအား ကုသပေး

ဂန့်ဂေါ ဇန်နဝါရီ ၅

ဂန့်ဂေါမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒေသဆိုင်ရာ မျက်စိအထူးကုဆရာဝန် ဒေါက်တာစဂျေလွင် ဦးဆောင်သော နယ်လှည့်မျက်စိကုအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးကြသည်။ **(အောက်ပုံ)**

ခွဲစိတ်ကုသပေး

ထိုသို့ကွင်းဆင်းကုသရာတွင် ဆောမြို့နယ် လောင်းရှည် တိုက်နယ်ဆေးရုံ၌ ၂၆ဦး၊ကျောက်ထုပြည်သူ့ဆေးရုံ၌ ၃၃ ဦးနှင့် ထီးလင်း မြို့ ပြည်သူ့ဆေးရုံ၌ ၁၆ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့ကြသည်။ (၂၇၃)

အင်္ဂပူမြို့နယ် ညောင်ကျိုးမြို့ ပလုတ်တုတ်ကျေးရွာ ဘဝလမ်းညွှန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဒီဇင်ဘာ ၂၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ် ဦးစီးမှူး ဦးအောင်ကြွယ်၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင် ဦးစိုးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပေါ်ဆန်းမွှေးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဘိုကလေး ဇန်နဝါရီ ၅

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ဘိုကလေးမြို့ ပေါ်ဆန်းမွှေး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က အဆိုပါလမ်းသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမှုဆောင်အရာရှိ ဦးသန်းဝင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီ ဦးငြိမ်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲများကျင်းပ စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်း

ကျောက်တလုံးကြီး ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် ကြက်ခြေနီအသင်းနှင့် ကျောက်တလုံးကြီးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ ရှေးဦးပြုစုခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၀၄)နှင့် အမှတ်စဉ် (၃/၂၀၀၄) သင်တန်းဆင်းပွဲများကို ဒီဇင်ဘာ ၂၄ ရက်က အခြေခံပညာ အထက်တန်းကျောင်း လုံကားနှင့် အခြေခံပညာ အထက်တန်းကျောင်း ဟမ်းဆီးတို့၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ် ကြက်ခြေနီဦးစီးမှူး(ပထမတန်း) ဦးစိုင်းဖေသိန်းက ကြက်ခြေနီတပ်ဖွဲ့၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းကျောင်း လုံကားမှ ကြက်ခြေနီ သင်တန်းသား သင်တန်းသူ ၅၂ဦး၊ အခြေခံပညာအထက်တန်းကျောင်း ဟမ်းဆီးမှ သင်တန်းသား သင်တန်းသူ ၆၂ဦးတို့အား ဝတ်စုံဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး **(အောက်ပုံ)** ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ပြီးဖြစ်သော စာကြည့်တိုက်များအား ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှင်းလင်းဟောပြောကာ အခြေခံပညာ အထက်တန်းကျောင်း လုံကားကျောင်း စာကြည့်တိုက်နှင့် ဟမ်းဆီး ပညာအလင်း စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော စာအုပ်များကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုခရိုင်အတွင်း ကျောင်းများပြုပြင်ရန် သွပ်နှင့်ဘိလပ်မြေများ ပေးအပ်လှူဒါန်း

ရွှေဘို ဇန်နဝါရီ ၅

ရွှေဘိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများပြုပြင်ရန်အတွက် သွပ်နှင့်ဘိလပ်မြေများ ပေးအပ်လှူဒါန်းပွဲကို ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က လှူဒါန်းရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး ခရိုင်ဥက္ကဋ္ဌက သွပ်နှင့်ဘိလပ်မြေများကို ရွှေဘိုမြို့အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်းအတွက် ဘိလပ်မြေ၁၅အိတ်၊ ဆိပ်သာကျေးရွာမူလတန်းကျောင်းအတွက် ဘိလပ်မြေ ၁၅အိတ်၊ ခင်ဦးမြို့ ရွှေမင်းဝံမူလတန်းကျောင်းအတွက် ဘိလပ်မြေ၁၅အိတ်၊ ရေဦးမြို့ ရွှေပြည်သာမူလတန်းကျောင်းအတွက် သွပ်အချပ် ၁၀၀၊ ကန့်ဘလူမြို့ စပါယ်နံ့သာမူလတန်းကျောင်းအတွက် သွပ်အချပ် ၈၀ ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၂၁ ရက်က ပေါင်မြို့ မိုးနှိုင်းရပ်ကွက်ရှိ အများသုံးသောက်သုံး ရေကန်တွင် ရေကောင်းရေသန့်ရရှိရေးအတွက် အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ လက်နှိပ်တုံကင်တပ်ဆင်မှုကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၂၆၀)

မကွေးမြို့ ရန်ပယ်ရပ်ကွက် (၂၂) လမ်းတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ကိုယ့်အား ကိုယ်ကိုး ကတ္တရာ လမ်းခင်းခြင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၈ ရက်က အမှုဆောင် အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်စုပေါင်းစိုက်ပျိုး

ဆင်ဘို ဇန်နဝါရီ ၃

ဆင်ဘိုမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂ရက်က မြို့နယ်တာဝန်ခံ ဦးကျော်လွင်ထွန်းနှင့် စည်ပင်သာယာဝန်ထမ်းများကဗိုလ်ချုပ်လမ်းနှင့် မဟာဗန္ဓုလလမ်းဘေးဝဲယာတွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုး ဆောင်ရွက်ကြကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သာယာဝတီခရိုင် သုံးဆယ်မြို့ ကျွန်းကလေးရွာ ရေးဟောင်းသမိုင်းဝင်စေတီဘုရားသုံးဆူနှင့် အောင်ချမ်းသာစေတီဘုရား(၁)ဆူတို့၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဦးရဲဒင်အား ၄-၁-၂၀၀၅ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်က "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ချီးမြှင့်သည်ကို ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ မိသားစုနှင့် သာသနာအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

အောင်ချမ်းသာဘုရား
ကျွန်းကလေးရွာ-ဂေါပကအဖွဲ့
အောင်ချမ်းသာကျောင်းတိုက်
သုံးဆယ်မြို့။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း(၄၀)၊ အမှတ်(၂၀၆)နေ
ဦးမောင်မြင့်(အမျိုးသားလျှပ်စစ်ပြုပြင်ရောင်းဝယ်ရေး)-ဒေါ်ခင်လှတို့၏သားကြီး
မောင်အောင်ဆွေဦး B.Sc(Hons:)Physics နှင့်
ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ်(၅၅/၄)နေ
ဒေါက်တာဘကျော်(ပြည်နယ် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး မော်လမြိုင်မြို့)-
ဒေါ်ခင်သီတာတို့၏ သမီးဦး
မခင်ဥမ္မာကျော် B.Sc(Hons:) Physics

တို့၏ ၉-၁-၂၀၀၅ ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့်တေးသံရှင် များအားလည်းကောင်း၊ ဆံပင်နှင့်မိတ်ကပ်အလှဖန်တီးရှင်ပွင့်၊ မင်္ဂလာဝတ်စုံစီစဉ်ချုပ်လုပ်ပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ပန်းအလှပြင်နီနီပွိုင့်၊ မေတ္တာဖြင့်မင်္ဂလာပန်းကြိုးပေးသော သရုပ်ဆောင် ချောစုသဇင်၊ မင်္ဂလာသတို့သားအရန် ကျော်ဆွေဦး၊ မင်္ဂလာသတို့သမီးအရန် ဖြူမာလွင်တို့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော မောင်မောင်ညွှပ်နှင့်အဖွဲ့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးများ၊သူငယ်ချင်းများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ဆွေဦး-မခင်ဥမ္မာကျော်။

မင်္ဂလာဆုတောင်း

ကိုအောင်ဆွေဦးနှင့် ချစ်သူငယ်ချင်း ဥမ္မာ(K.T)တို့၏ မင်္ဂလာရက်မြတ်မှစ၍ နှစ်(၁၀၀)တိုင် ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သူငယ်ချင်းများ

Dr. သန်းထွဋ်အောင်-ယဉ်မော်ဦး
ကိုထင်လင်းခ- မိုးညိမ်းဖြူ
ကိုသန်းအောင်-စုစု
ကိုပေါက်-နှင်းဝတ်ရည်
ဒယ်ဒီထွား-မာမီ
ခိုင်ဝင်းဟန်၊ ဖြူမာ၊ သင်းယု(T.P)။

လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူခြင်း

သာယာဝတီခရိုင် သုံးဆယ်မြို့ အရှေ့လမ်းသစ်တန်းနေ ဦးရဲဒင်အား ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က "သီဟသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ဆက်လက်၍ မိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးခင်မောင်သွင်-ဒေါ်မြမြစမ်း
သမီးသူဇာသွင်၊ ဆုမွန်သွင်၊ ပြည့်ဖြိုးသွင်
မြတ်ဆုမွန်ရွှေဆိုင်နှင့် သမ္မတသက်န်းတိုက်။

မြေး၊ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ မြေး၊ သမီးဖြစ်သူ မပွင့်စုလှိုင် ၆/မမန(နိုင်) ၁၃၈၃၇၁ သည် အဘိုးအဘွား၊ မိဘတို့၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ဒီဇင်ဘာ ၂၈ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှလည်းကောင်း၊ သမီးအဖြစ်မှ လည်းကောင်း အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးမောင်ကျား
၆/မအရ(နိုင်) ၀၃၃၃၂၂
ဒေါ်မြမြ ၆/မအရ(နိုင်) ၀၈၄၆၅၅
(ကိုသိန်းဝင်း)၊ မအေးအေးမွန်
၆/မအရ(နိုင်) ၀၄၁၃၇၈
တလိုင်းစုရပ် မြိတ်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၄၆၉၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက် အတွင်း ကညန၊ ရှေ့တန်းရုံး(မှူဆယ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရှေ့တန်းရုံး(မူဆယ်)။**

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှရရှိထားပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်/မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအုန်းသိန်း ၁၂/မရက(နိုင်)၀၃၀၃၂၇	ဦးနေဝင်း G/RGN-၀၂၆၈၆၇	တိုက် ၂၂၊ အခန်း-၅၄ ပြည်ရိပ်မွန်အိမ်ရာ
၂။	ဒေါ်ခင်ခင်မြ ၁၂/မရက(နိုင်)၀၃၀၃၂၈		

ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

NISSAN LAUREL TAXI (DIESEL)
အိမ်ပေးငှားမည်။
ရုံးချိန်အတွင်း
ဖုန်း-၅၄၆၁၅၈။

ကန့်ကွက်နိုင်ပါသည်

ထ/၈၈၇၅ မော်တော်ယာဉ်လက်ဝယ်ရှိသူက မှတ်ပုံတင်ခွင့်ပြုနိုင်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရက် ၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး (မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မင်းဘူး)။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်မြင့်စိုး CDCNO-13071၏ 4 Ticket ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **၃၄၊ အရှေ့မြင်းပြိုင်ကွင်းလမ်း တာမွေ။**

ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ သန်လျင်၌ ကျင်းပ

သန်လျင် ဇန်နဝါရီ ၈

သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ရက်က ယင်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ပညာရေးမှူး ဒေါ်စန်းနု၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအေးနှင့် အလှူရှင် သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်မြင့်မြင့်တို့က

အမှာစကားပြောကြားကြပြီး ထူးချွန်ဆုရရှိကြသူများအား ကျောင်းဆောက်လုပ် လှူဒါန်းခဲ့သော အလှူရှင် ဦးမြတ်သင်းအောင် (Chairman Aung Aurng Group of Companies) ဥက္ကဋ္ဌ၊ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီနှင့်ဇနီး သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်မြင့်မြင့်၊ မင်္ဂလာမေအမျိုးသမီးအသင်းဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် ဘာသာစုံထူးချွန်ဆုနှင့် ဂုဏ်ပြုဆုရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။**(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

ကိုကျော်ဇေယျအား ရည်စူး၍ အမှတ် (၇) ဈေးကလေး ရိပ်သာလမ်း ကြည့်မြင်တိုင် မြို့နယ် နေ ဒေါ်မြင့်မြင့်ဝေ သမီးသက်၊အိ၊ခိုင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော မြို့ပတ်လမ်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဌေး ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြေယာရှင်း ပြုပြင်ဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားမြို့ သခင်နက်ဖေလမ်းနှင့် စည်ပင်သာယာလမ်းထောင့်တွင် ဒီဇင်ဘာ၉ရက်က ဒုတိယဦးစီးမှူး (သန့်)ဦးကျော်နန်း ဦးဆောင်သော စည်ပင်သာယာ ဝန်ထမ်းများသည် မြေယာရှင်း ပြုပြင်ခြင်းနှင့် ဒေသထွက် ရာသီပန်းများ စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

အင်းစိန်မြို့ မာလာရာမ ကွက်သစ်ဘုန်းတော်ကြီးကျောင်း တိုက်ဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက် သာယာကုန်းလမ်း ၁၁/၂နေ ဦးတင်အောင်-ဒေါ်ချောချောတို့က အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်နှင့်အဖွဲ့က လက်ခံရယူစဉ်။ (က-ပ)

ကိုယ်စားလှယ်များ ညောင်နှစ်ပင်စခန်းသို့ အဆင်ပြေချောမွေ့စွာရောက်ရှိနိုင်ရေး ကြိုတင်စီမံ ယခင်ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး ပြည့်စုံအောင်ပြုပြင်ဆောင်ရွက်

ရှေ့ဖုံးမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ပြန်လည်စတင်ကျင်းပမည်

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကို ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်ဟု ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံကို ယခု ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ကျင်းပမည်ဖြစ်ကြောင်း၊ သို့ပါ၍ တာဝန်ရှိသူများအနေဖြင့် ဖိတ်ကြားရမည့် အစုအဖွဲ့ရှစ်ဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင် စခန်းသို့ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထက် နောက်မကျဘဲ လာရောက်ရေးဖိတ်ကြားကြရန်လိုကြောင်း။

ထို့အတူ ညီလာခံသို့ တက်ရောက်လာကြမည့် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ ညောင်နှစ်ပင်စခန်းသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ကြစေလိုကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရမည့် ကိစ္စအဝဝကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ထားရန်လိုကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ■

အမျိုးသားညီလာခံကြီးအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ တိုင်းရင်းသားအဖွဲ့အစည်းများ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း သားစဉ်မြေးဆက် ရေရှည်အကျိုးခံစားနိုင်သည့် ရော်ဘာစိုက်ပျိုးရေးအောင်မြင်အောင်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စာမျက်နှာ ၈ ကော်လံ ၁ ✡

ဇန်နဝါရီ ၁၀ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-၆)(သတင်းစဉ်)

လက်ဆောင်ပစ္စည်းများ ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော် ခေါင်းဆောင်သော အဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

12-1 (20).p65 1 3/28/05, 4:21 PM